
လူငယ်ကဗျာဆရာလေးဦး၏ခေတ်ပေါ်ကဗျာများ
www.linhtet.com
လူကော်သစ်
တိုးနှောင်မိုး
အောင်ရင်ငြိမ်း
တိကျူး
ပိုးသင်းကွဲ ညနေ... ရှင်ကွဲ

မြစ်ခွဲ(၉)စင်းစာပေ

စီးဆင်းခြင်းအနုပညာ

၈



**မြစ်ခွဲ(၉)စင်းစာပေ**

*တိုက်–ဂ၊အခန်း(၄၀၃)၊၉–လမ်း(အေ)*

*ယုဇနဥယျာဉ်မြို့တော်၊၉၄–ရပ်ကွက်၊*

*ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)*

*ရန်ကုန်မြို့။*

*ဖုန်း–တဆင့်–၀၁–၅၉၃၂၅၉*

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်း ကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုး ရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ငါ့သင်းကွဲခံညနေ

# ရှင်ကွဲ

# နှတ်သပီးအလွမ်းနှင့် ခြေသလုံးအိမ်တိုင်


လူဇော်သစ်
တိုးနှောင်မိုး
အောင်ရင်ငြိမ်း
တီကျူး

**စာမူခွင့်ပြုချက်အမှတ်**
၂၆/ ၂၀၀၃ (၆)

■

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၃/ ၂၀၀၃(၈)

■

**ထုတ်ဝေသူ**
ဦးတင်ရှိန် (စန်းရောင်ရှိန်စာပေ)
၄/ ၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

■

**ပုံနှိပ်သူ**
ဦးမြသိန်း (သိန်းမြင့်ဝင်းပုံနှိပ်တိုက်)
၉၆၊ ၁၁ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

■

**မျက်နှာဖုံး**
ဗဂျီလင်းဝဏ္ဏ

■

**အတွင်းအပြင်အဆင်**
သန္တာကျော်မောင်

■

**ပုံနှိပ်ထုတ်ဝေခြင်း**
ပထမအကြိမ် (            ၂၀၀၃)

■

**အုပ်ရေ**
၅၀၀

■

**တန်ဖိုး**
၅၀၀ ကျပ်

ကောက်နွယ်ကနောင်၏အမှာစာ

# ယနေ့ကဗျာလှုပ်ရှားမှုနှင့် ခေတ်ပေါ်ကဗျာ

**ကဗျာသည် လူတို့၏စိတ်လှုပ်ရှားမှုနှင့် တိုက်ရိုက်သက်ဆိုင်သော အနုပညာတစ်ရပ်ဖြစ်ပေရာ ကဗျာ၌ ထက်မြက်ကြီးမားသော အင်အားရှိသည်။**

**ဒဂုန်တာရာ စာပေသဘောတရား**
**စာပေဝေဖန်ရေးနှင့်စာပေလှုပ်ရှားမှု (၁၉၇၀)**

ထိတွေ့ခံစားနေရသော မြင်ကွင်းများကားတရိပ်ရိပ် ။မြန်ဆန်လွန်းသည်။ ခေတ်ကာလ စနစ် ဝန်းကျင် ရုပ်ဝတ္ထု ဆန်းသစ်မှု များကား မာယာများစွာနှင့် ညှို့ငင်လျက်၊ ရှန်းမထွက်နိုင်အောင်

တွယ်ငြိနေသူများ၊ပင်ပန်းတကြီးခက်ခဲစွာ ထိုးဖောက်လွတ်မြောက်သွားသူများ၊ အရှုံးပေးသူ၊ သစ္စာဖောက်၊ သူရဲကောင်းကဗျာရနံ့ကိုရှူသွင်းလျက် ကဗျာမှော်သား အကျီ ဝတ်ဆင်ထားကြသည့်လူငယ်များ၊ကဗျာမှကဗျာ၊ ယနေ့လူငယ်များ၏ 'ခေတ်ပေါ်ကဗျာ'သည် လူမှုဝန်းကျင် နယ်ပယ်သစ်နှင့် ပဋိပက္ခ၊ ကဗျာ၌ ထက်မြက်ကြီးမားသော အင်အားများရှိသည်ဟု ဆရာဒဂုန်တာရာကဆိုထားသည်။ ခေတ်ပေါ်ကဗျာလှုပ်ရှားမှုနှင့် ကဗျာရေးသူလူငယ်တို့ သွားရမည့်လမ်းကြောင်းကား အမှန်အကန် တည်ရှိလျက်ရှိသည်။ သို့သော် လမ်းကြောင်းမှန်ရှိသော်လည်း လမ်းဆုံတွင် တွေဝေမိန်းမောနေကြ၏။ တချို့ကား လမ်းဆုံလမ်းခွဲတွင် လမ်းဆုံး ရောက်သွားကြသည်။ ဆယ်စုတစ်စုမဆိုထားနှင့်. . . တိုတောင်းသောတစ်နှစ်၊ နှစ်နှစ်အတွင်းမှာပင် စုံးစုံးမြုပ်သွားကြသည်။ လမ်းကြောင်း လမ်းမှန်ကို မရွေးချယ်နိုင်ခဲ့ခြင်းသာဖြစ်သည်။ လူငယ်ကဗျာသစ်ပင် အသစ်၊အသစ်များအတွက် ရှူရှိုက်ရန်လေနှင့် စားသုံးရန် မြေဆီတို့တွင်အဆိပ်အတောက်များ ဖုံးလွှမ်းရောစွက်လျက် ရှိနေပေသည်။

**ခေတ်ပေါ်ကဗျာရေစီးထဲတွင် အမှိုက်များ၊ ဒိုက်များ၊ ဗေဒါများ၊ ရေမျောထင်းများ၊ အဆိပ်ပြင်းမြွေများ၊ ခွေးသေကောင်ပုပ်များ၊ တစ်ကိုယ်တော်လူစွမ်းကောင်း စတန့်မင်းသားများ၊ ပုဂ္ဂိုလ်ရေးရာဆဲဆိုပုတ်ခတ်မှုများ၊ သမင်မွေးလိုသော ကျားငစဉ်းလဲများ၊ အုပ်စုဖွဲ့ ဂိုဏ်းဂဏ ထူထောင်လိုသူများ၊ ပုဂ္ဂိုလ်စွဲကိုးကွယ်မှု ပုံစံခွက်ကဗျာများ၊ နိုင်ငံတ ကာဝါဒပေါင်းစုံကို ရောမွှေမိတ္တူကူးလိုသူများ၊ မှန်ကန်စွာ ဦးဆောင်နိုင်မည့် ခေါင်းဆောင်ကောင်းမရှိ။** ရှုပ်ထွေးလျက်၊ ထွေပြားလျက်၊ ပွေလီလျက်၊ အမယ်ဘုတ် ချည်ခင် . . . ကဗျာရေစီးကား စီးလည်းမစီး၊ ဆန်လည်း မဆန်၊ ရေသေဝဲကတော့ထဲတွင် ချာချာလည် မွန်းကျပ် ထွက်ပေါက်ပျောက်၊ လူငယ်ကဗျာရေးသူများ ဖြစ်တည်မှု သည် ဝမ်းစာခေါင်းပါးမှု၊ အတွေးအခေါ် ချွတ်ချော်မှု၊ အယူလွဲမှု၊ ပုဂ္ဂိုလ်ရေးရာကိုးကွယ်မှု၊ ဘာသာစကား အားနည်းချို့တဲ့မှု၊ အစွန်းရောက်မှုများသည်အစဉ်အလာမျိုးဆက်ပြတ်တောက်မှုဆိုးကျိုးများကို ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရသည်။

ခေတ်ပေါ်ကဗျာသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများအတွင်းမှ ကြီးပြင်းလာခဲ့သည်။ ကိုလိုနီခေတ်တွင် ပဒေသရာဇ် မြန်မာကဗျာများ အသွင်ပြောင်းသွားခဲ့သည်။ အရင်းရှင်နယ်ချဲ့စနစ်နှင့် အချုပ်တန်းဆရာဖေ၏ နယ်ချဲ့ဆန့်ကျင်ရေးတေးထပ်များ၊ ထို့နောက် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှသည် ဒဂုန်တာရာ၊ ခေတ်ပေါ်ကဗျာဆက်ထုံးများ၊ ကွင်းဆက်များ၊ ခေတ်စမ်းကဗျာ၊ စာပေသစ်၊ တော်လှန်စာပေ၊ ကဗျာရေးရာအယူအဆများ ရှုပ်ထွေးလာသည်။ လှိုင်းသစ်၊ ဇင်နိုးကြူးဝါဒ၊ ခေတ်ပေါ်ကဗျာ၊ နိမိတ်ပုံ၊ သင်္ကေတ၊ မြို့ပြခေတ်၊ ရမ်သမ်၊ သုံးနားညီတြိဂံဝါဒကို ထူထောင်ခဲ့ကြသည်။ မြဇင်က 'နိမိတ်ပုံ'၊ မောင်သာနိုးက 'ရမ်သမ်'၊ ညွန့်ကြူးက 'မြို့ပြခေတ်အယူအဆ'၊ထို့နောက် 'ခေတ်ပေါ်ကဗျာကြေညာစာတမ်း'၊ ကာရန်မဲ့ကဗျာဝါဒ၊ ဂိုဏ်းဂဏအဆိပ်တက်မှုနှင့် ရှုပ်ထွေးခဲ့သောကဗျာအသင်းအဖွဲ့အုပ်စုများ၊ ထို့နောက် တော်လှန်ကဗျာ၊မိုးဝေကဗျာ၊ ၂၁ ရာစုယနေ့ခေတ် ခေတ်ပေါ်ကဗျာ။

## အမှာစာ ၉

■

ယနေ့ခေတ်ပေါ်ကဗျာကား အဘယ်နည်း . . .

**ခေတ်ပေါ်ကဗျာ ထမ်းဆောင်သွားမည့် တာဝန်သည် အစဉ်အလာကို နူးညံ့သိမ်မွေ့စွာ ပါးနပ်သောနည်းဖြင့် ဆက်ခံတိုးချဲ့ ရေးသွားရန်သာဖြစ်သည်။** ထိုအခါ အစဉ်အလာ လေးလုံးစပ်နည်းနှင့် ကာရန်စနစ်သည် ကျိုးပျက်လာရပေမည်။ဘာကြောင့်နည်း။ ယနေ့ခေတ်ပေါ် ကဗျာကိုယ်တိုင် ထိတွေ့ခံစားရိုက်ခတ်မှုသည် အသစ်ဖြစ်သည်။ တိုးတက်ဆန်းသစ်သော အကြောင်း အရာများကို လေးလုံးစပ်ကာရန်နည်းစနစ်နှင့် ရေးဖွဲ့ရန် လက်မခံနိုင်တော့ပေ။ ချိုးဖျက်သင့်သည့်နေရာတွင် ချိုးဖျက်ရပေတော့မည်။ ထို့ကြောင့် ခံစားမှုအသစ်တွင် ပုံသဏ္ဍာန်သစ်ဖြစ်သော ကာရန်မပါသော ကဗျာရေးဖွဲ့ဟန်အသစ်

ကို လူငယ်များ မက်မောခုံမင်စွာကိုင်စွဲလာကြသည်။ ၂၁ ရာစု ခေတ်ပေါ်ကဗျာ၊ ဒဂုန်တာရာပြောခဲ့ဖူးသည့် လေးလုံးစပ်နည်းသည် လေးကိုင်းသဖွယ် ပျော့ပျောင်းသန်စွမ်းပြီး အလွတ်လပ်ဆုံး ဖြစ်သည် ဆိုမှာ ယနေ့ ခေတ်ပေါ်ကဗျာနှင့် များစွာကွဲပြားခြားနားသွားပြီ ဖြစ်သည်။ ခေတ်ပေါ်ပြောင်းလွဲမှုအရ အဟာန့်အတားဖြစ်လာသည့် လေးလုံးစပ်ဘောင်နှင့် ကာရန်စည်းစနစ်သည် ယနေ့ခေတ်ပေါ်ကဗျာနှင့် မဆိုင်တော့ပေ။ သို့သော် အစဉ်အလာ မြန်မာမှုစည်းစနစ်ဘောင်တွင်အခြေခံပြီး ကဗျာအကြောင်းအရာနှင့် လိုက်လျောညီညွတ်သော ဖွဲ့သီမှုပုံသဏ္ဍာန်ကို ဆောင်ယူရမည်သာ ဖြစ်သည်။ စည်းမဲ့ကာရန် မဟုတ်၊ အမျိုးသားရေးအခြေခံရှိရမည်။ လူထုရင်ခုန်သံ ထွက်ပေါ်နေရမည်။ လက်ငင်းခေတ် တောင်းဆိုမှုကို တီထွင်ဖန်ဆင်းလိုက်သည့် လူသားခံစားမှုနည်းစနစ်သည်သာ ယနေ့ခေတ်ပေါ်ကဗျာ ဖြစ်သည်။

# အမှာစာ 

**ငါ့သင်းကွဲခံညနေ၊ရှင်ကွဲနတ်သမီးအလွမ်းနှင့် ခြေသလုံးအိမ်တိုင် လေးယောက်ပေါင်းကဗျာစာအုပ်မှ ကဗျာများ သည် ယနေ့ကဗျာလှုပ်ရှားမှုထဲတွင် မှတ်ကျောက်တင်ခံရန် ဝင်ရောက်လာခြင်းဖြစ်သည်။**

လူဇော်သစ်၊ တိုးနှောင်မိုး၊ အောင်ရင်ငြိမ်း၊ တီကျူးတို့ ဘယ်လမ်းကို လျှောက်ကြမည်နည်း။ နောင်ဆယ်စုတစ်စု ရောက်သည်ထိ ရုပ်ခန္ဓာမြဲနေသေးလျှင် ကျွန်တော် စောင့်ကြည့်နေရပါဦးမည်။

**ကောက်နွယ်ကနောင်**

၂၃-၁၂-၂၀၀၂

# မာတိကာ

## လူဆော်သစ်


ငါ့သင်းကွဲခံညနေ ■ ၁၅
ကျွန်တော့်ခါးပိုက်ထဲက ထွက်ကျလာတဲ့ ကဗျာ ■ ၁၇
လိုင်းကား ■ ၁၉
သေတမ်းစာ ■ ၂၀
လတ်တလောတင်ဆက်မှု ပြဇာတ်တစ်ပုဒ်နဲ့
ကျွန်တော့်ဇာတ်ဝင်တေးမယ်လိုဒီ ■ ၂၁
ပင်စင်စား ■ ၂၄
လူတစ်ယောက်နဲ့ဘဝရှင်သန်မှု
အခြေခံဆွေးနွေးခန်း ■ ၂၆
လိမ့်နေတဲ့ စက်ဝိုင်းတစ်ခုကို ခွဲခြမ်းစိတ်ဖြာခြင်း ■ ၂၉
အသက်ရှင်နေထိုင်ခြင်း မှတ်စု ■ ၃၂
မမြင်ရတဲ့ဂီတ ■ ၃၄

ဥယျာဉ်မရှိလည်း
ဒီပန်းကတော့ ဖူးပွင့်နေဦးမှာပဲ။
လမ်းမရှိလည်း
ဒီခြေဖဝါးအစုံကတော့ လမ်းသလားနေဦးမှာပဲ။
ကြိုးရာပစ်ထားခံရပေမဲ့
အလွယ်တကူအစိုခာတ်မပြယ်တဲ့ နဘဲသားလို
ကျွန်တော့်စိတ်က
ကျလေရာ အတက်ပေါက်တယ်။
(ဒီလိုပါ)
မစားရဘဲ
တစ်ဘဝစာသိမ်းဆည်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးက
“ကဗျာ” ဖြစ်တယ်ဆိုတဲ့ အကြောင်း။

**လူဇော်သစ်**
၁၆-၃ -၂၀၀၂

## ငါ့သင်းကွဲခံညနေ

ညီမလေးရေ
ကောင်းကင်အဖြူထည်စာမျက်နှာပေါ်
ငါဟာ
နိဒါန်းအဖြစ် ကြွေ့ကောက်စွာရေးခြစ်ခံရသူပါ။
ညီမလေးရေ
ဒါ ငါကိုယ်တိုင်ပိုးမွေးခဲ့ ညနေခင်းပဲပေါ့
ဖော်ဝေးငှက်တစ်ကောင်လို
အဝေးလွမ်း
လွမ်းမောမှု ပူပြင်းခေါင်ခိုက်ခေါ်သံထဲ
ကန္တာရနွေတွန်ရာ ငါ့ရာသီတွေသွန်းချခဲ့။

ညီမလေးရေ
အနွေးထွေးဆုံးအိပ်ဟန်ဆောင်ခြင်းနဲ့
တစ်သက်တာ ငါ့အတွေးအခေါ်တို့ မင်နီစွန်းခဲ့ပေါင်းများပြီ။

ညီမလေးရေ
ဟိုအဝေးဆုံးအရပ်က ဝါးလုံးကွဲတောထဂီတသံ
ယုံယုံကြည်ကြည်နားဆင်ဖို့
ရောင်နီမစိုသေးဘူးလားကွယ်။

## ၁၆ လူဇော်သစ်

ညီမလေးရေ
ဒီလက်ချောင်းတွေ တွားသွားရာအရပ်က ဘာလဲကွဲ့
မှားယွင်းနေတဲ့နေရာမှာ
နောက်ထပ်ငါ့လက်ချောင်းတွေ သေဆုံးရတော့မလား
ငါကိုယ်တိုင် ရှင်သန်ပစ်ချင်ရဲ့။

ညီမလေးရေ
ချစ်ဦးသူဆီ နေဝင်ခြင်းမှာ
အိပ်မက်သစ်တို့ သယ်ဆောင်ခွင့်ပေးပါ
အဲဒီအိပ်မက်ထဲမှာ
အနာဂတ်အားမာန်ပါတယ်
နိုးကြားမှုအဟုန်ပါတယ်
နံနက်ခင်းတစ်ခုရဲ့ ဖူးပွင့်စအရုဏ်အလင်းတန်းတွေပါတယ်
နှောင်ကြိုးမဲ့ ပဒ္မိုပက္ခတွေရဲ့ မျဉ်းဖြောင့်တစ်ကြောင်းပါတယ်
သက္ကရာဇ်တွေ ထမ်းပိုးမယ့် လက်ရုံးနှစ်ခုပါတယ်။

ညီမလေးရေ
အခုတော့ ငါဟာ
အလှမွေးဖန်လှောင်အိမ်ထဲက ရွှေငါးတစ်ကောင်လို
ကိုယ်ပိုင်အလှ ကိုယ်တိုင်ခံစားခွင့်မရခဲ့သူပါ
ဒီလိုနဲ့
ငါ့ညနေခင်းဟာ မနက်ဖြန်ပေါင်းများစွာမော်ဖူးခဲ့ရပေါ့။

## ကျွန်တော့်ဦးပိုက်ထဲက ထွက်ကျလာတဲ့ ကဗျာ

အုန်းမောင်းသံကြားလည်း အိပ်ရာက မနိုးဘူး
တစ်နေ့ထက်တစ်နေ့ ဘဝတွေ တဖြည်းဖြည်းပျင်းရိလာခဲ့
မနက်က လေတိုက်တယ်၊ ညနေ မိုးရွာတယ်
သာမိုမီတာမလိုဘဲ ဒီကိစ္စ ဒီမှာတင်ပြီးဆုံးသွားပါပြီ
ဆန္ဒတွေ တစ်နံတစ်လျား ဆွဲဆန့်ကြည့်တော့
မနေ့ကဆာလောင်မှုနဲ့ ဒီနေ့ဆာလောင်မှုဟာ ထပ်တူအချိုးပဲ
မျက်ရည်မလို ဇာတ်သိမ်းခန်းနဲ့
မာနကို အားကုန်မောင်းနှင်ခဲ့တယ်
ခါတ်ရိုက်ကုနည်းနဲ့ ရောဂါပျောက်မယ်ဆိုရင်
ကဗျာရေးတဲ့လက် ဂဏှာမငြိမ်တာ
အကြောသေအောင် ဖန်တီးလိုက်ပါလား
ဒါ ကျွန်တော့်အတွက် အပြင်းပြဆုံးတောင့်တမှုတစ်ခုပဲ
တနင်္ဂနွေအကြောင်း ကဗျာမရေးဖြစ်ရင်
တနင်္လာတစ်နေ့လုံး စိတ်အူရောင်ငန်းဖျား ဖျားခဲ့တယ်
နာရီလက်တံတွေ၊ ပြက္ခဒိန်ရက်စွဲတွေ
အဓိပ္ပာယ်မဲ့ ဝေဝါးစေခဲ့တယ်
အခန့်မသင့်တိုင်း ခြေလှမ်းတွေ ခလုတ်တိုက်လဲပြိုခဲ့တယ်
ဝန်းကျင်တစ်ခွင်လုံး ဝိရောဓိမီးခိုးတွေ မှိုင်းတိုက်ခံရတယ်

## ၁၈ လူဖော်သစ်

အဖေ၊ အမေ၊ ချစ်သူနဲ့ မိတ်ဆွေများရဲ့ ပစ္စုပ္ပန်အာရုံထဲ
နှစ်မြှုပ်ခြင်းခံရတယ်
တစ်ခါတစ်ခါ ကိုယ်ကျောခင်းမိတဲ့အရာဟာ
အိပ်ရာမှ ဟုတ်ရဲ့လား. . . အကြိမ်ကြိမ်ဆန်းစစ်မိ
ဒီလိုအိပ်မက်တစ်ခု မဖူးပွင့်ခင်
ရောဂါက တစ်စခန်းထလာပြန်တယ်
ကမ္ဘာကြီးရွာဖြစ်သွားရင်
ကျွန်တော့်ကဗျာတွေ
ရွာတစ်ရွာ တည်ဆောက်နိုင်ပါ့မလား
အဲဒီရွာကို
လုံခြုံမှုအပြည့်အဝ စောင့်ကြပ်ပေးနိုင်မလား
ရွာတစ်ရွာ ဖွံ့ဖြိုးမှုရဲ့အဓိကဦးတည်ချက်
ဖော်ဆောင်နိုင်မလား
အင်တာနက်၊ အီးမေးလ်၊ အင်ဖော်မေးရှင်း
ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်းတွေးရင်း
လူတောထဲက ပစ်ပယ်ခံ ကျွန်တော့်ဘဝကို သနားလာတယ်
ဘယ်လိုပဲဖြစ်ဖြစ်
အိပ်ရာက မနိုးလည်း
အုန်းမောင်းခေါက်သံ ဆက်လက်နားဆင်ရဦးမယ့် လောက။

---

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း** 2002, FEBRUARY

## လိုင်းကား

လက်နှီးစုတ်တစ်ထည်လောက် ဌာန်ကရိုဏ်းမကျခဲ့
ဘဝအမော ပွင့်အန်ကျလာတယ်
ဟောဒီဟိုက်ဝေးလမ်းမကြီးပေါ်
လက်ပမ်းပေါက်လက်များရဲ့ ဗျာဓေ့ပွစ်ထေးထေးနဲ့
ရာဇဝင်ဝင့်ကြွေး တမျှော်တခေါ်ကြီးပါ
ခက်ခက်ခဲခဲ မွေးဖွားခဲ့ပြီးနောက်
ခြေထောက်တွေ မော်ဒန်နိမ့်ခဲ့
သက္ကရာဇ်ကြွက်သားလုံးလုံး ကျင့်သားရနေတာတောင်
မော်ဒယ်လ်ကောင်မလေးတွေရဲ့လှည့်ကြည့်ခွင့်
ကျွန်းခံခဲ့သူပါ
ကုန်စျေးနှုန်းကြား တစ်မိနစ်ကြာ ထိုးရပ်လိုက်ကာမှ
ခေါင်းကိုဖိကန်ချင်သူ ပေါ်များလာတယ်
ကိုယ့်အိပ်မက်ထဲ ကိုယ်တိုင်ခံစားခွင့်မရခဲ့တဲ့
အဲသလို အိပ်မက်ကိုပဲ ဆက်ဆက်မက်နေရလောက်အောင်
ငါက စျေးပေါင်ကျိုး ညစျေးဝန်းကြီးထဲ ခြေကျွံ ။

## သောတမ်းစာ

ညညသွေးတက်ပြီး အိပ်မက်ထဲထိ တူးဖော်နေတဲ့
ကန္တာရထဲက အိုအေစစ်ရှာဖွေနေသူ တနင်္ဂနွေအတွက်၊
နွားသိုးကြိုးပြတ်စိတ်နဲ့ ကိုယ့်ခြေထောက်ကိုအယုံလွန်ပြီး
ဟိုက်ဝေးလမ်းမကြီးပေါ် လမ်းစပျောက်နေသူ တနင်္လာအတွက်၊
အပျော်ဖတ်ဝတ္ထုတစ်ပုဒ်ထဲ အချစ်ကိုစတေးလို့
ရင်ကြားစေ့မရတဲ့ နှလုံးသားဟက်တက်ပိုင်ရှင် အင်္ဂါအတွက်၊
တစ်ကိုယ်လုံး ရဲသရမ်းလန် နောက်ဆုံးပေါ် နှုတ်ခမ်းနီနဲ့
ကိုယ့်ခန္ဓာ ကိုယ်တိုင်ဘေတင်ပြီးကာမှ
ဘဝအကြောင်းသိရသူ ဗုဒ္ဓဟူးအတွက်၊
နေကြာပန်းတွေ နေရောင်လာတိုင်း ဦးညွှတ်တာကိုမုန်းပြီး
အမှန်တရားလေညင်းအကြောင်း
စာဖွဲ့ချင်သူ ကြာသပတေးအတွက်၊
သိက္ခာဆန်ဆန် ညတွင်းနက်နက် လမ်းမီးရောင်အောက်
ငွေကြေးသက်သက်နဲ့
မာယာခေါင်းစီးတစ်ခု မျှားခံရသူ သောကြာအတွက်၊
နရီစည်းမကျ မိုးဦးကျဖားတွေ ဂျီတိုက်သံကို စိတ်ညစ်ပြီး
တစ်ညလုံး အိပ်မရလို့ အိပ်ဆေးသောက်နေရသူ စနေအတွက်၊
"ခုနှစ်ရက်သားသမီးများ
ကာယသုခ၊ စိတ္တသုခ ပြည့်ဝနိုင်ကြပါစေ"
ကျွန်တော် ဒီလို ကဗျာကမ္ဘည်းတစ်ခု ရေးထိုးခဲ့ပါတယ် ။

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း** 2001, JUNE

## လတ်တလောတင်သက်မှု၊
## ပြဇာတ်တစ်ပုဒ်နဲ့
## ကျွန်တော့်ဇာတ်ဝင်တေးမယ်လိုဒီ

မီးဆလိုက်က အရုဏ်ဦးအသစ်စက်စက်ဖြစ်ကြောင်း
ဟန်ဆောင်ထားတယ်
တိုက်ပုံဝတ်ဗုံတစ်လုံးက
ပတ်စာမကပ်ရသေးဘဲ အသံချိုတယ်
ဒီမှာတော့
အနုပညာတစ်ကိုက်စာ ပလွေမှုတ်မှုနဲ့ မောင်းထုတ်ခံရ
လောကလမ်းမကြီးပေါ် ကျွန်တော်တစ်ယောက်တည်း
ကာဖီရောင်သမ်းနေတဲ့ ကာဖီတစ်ခွက်နဲ့
နံနက်ခင်းစာ ပြီးဆုံးခဲ့ပါပြီ။
လေကောင်းလေသန့်ရှူဖို့ ပင်လယ်ဘက်ထွက်ခဲ့လည်း
လှိုင်းတွန့်တစ်ခု လှုပ်ခတ်တာတောင် မတွေ့ရ
ကျွန်တော်ဟာ ကျွန်တော်နဲ့ထပ်တူကျတဲ့
အလှမွေးဖန်လှောင်အိမ်ထဲက ရွှေငါးလေးတွေဘဝကိုရှုရင်း
စိတ်လွတ်လပ်ခွင့် ဆာလောင်ခဲ့တယ်

အချိုးကွေ့တိုင်းဟွန်းတီးသံနဲ့
ပဥ္စလက်ပြကွက်ထဲ
တစ်နေ့တည်းကြီးထွားလာတဲ့ မြို့ရွာများအကြောင်း
အာလူးပူရီ သင်ခန်းစာကြားက
ပြားပြားဝပ် ခွတ်ကြီးလေးပါးလည်း
ပဲကြီးလှော်ရေစိမ်ဝါးခြင်း သတင်းတစ်ပုဒ်နဲ့
အာဟာရမဖြစ်နိုင်တော့ဘူး
ဒီအချိန် စက်ခလုတ်သံကြားက မိုးပျံပူဖောင်းက
ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ ပျံတယ်။
မိုးပျံပူဖောင်းထဲ
သရဲရထားစီးရင်း ပိတ်ကားပေါ်က ကမ္ဘာပတ်သူတွေပါမယ်
လက်ဖက်ရည်ဆိုင် ခွေးခြေပေါ်ထိုင်ရင်း
အာကာသယာဉ်အကြောင်း
အခြေအတင်ငြင်းခုံသူတွေ ပါမယ်
ဆပ်ကပ်ပွဲတစ်ခုရဲ့ သံဇကာလုံးထဲ
ဆိုင်ကယ်စီးခြင်းကို လက်ခုပ်သြဘာပေးနေသူတွေ ပါမယ်
အဝေးကြည့်မှန်ပြောင်း ခါးချိတ်ရင်း မြွေဆိုးကိုက်လို့
တမလွန်လား အပါယ်လေးဘုံသားတွေ ပါမယ်
ကိုယ့်ဘဝဇာတ်ကြောင်းတစ်ခုလုံး
ဟော်လိုဂစ်တာအိုးကွဲထဲထည့်ပြီး
စမတ်ကျကျ ကြိုးညှိသူတွေ ပါမယ်
နွေရာသီခေါင်ခေါင်ထဲ  ကုတ်အင်္ကျီဖားလျားဝတ်ဆင်ရင်း
နက္ခတ်အကြောင်း

ရေးကြီးခွင်ကျယ် တွက်ချက်သူတွေ ပါမယ်
ဒုက္ခသုခ ရောနယ်ထားတဲ့ခွက်နဲ့ ဒုက္ခစစ် သုခစစ်စစ်ခွဲမရဘဲ
ရေလောင်းချိုးနေသူတွေ ပါမယ်
ကတ္တရာလမ်းမပေါ်က တံလျှပ်တွေကို
အငမ်းမရ လိုက်ဖမ်းနေတဲ့
အမှန်တရားလက်ပေါက်ကပ်သူတွေပါမယ်
ကျောရိုးမဲ့ ဇာတ်ဝင်ခန်းကပြဖို့ ကာလာမီးရောင်စုံကြား
စိတ်ညို့မီးခိုးမှုတ်သွင်းသူတွေ ပါမယ်
ဒီလိုသော့တံတွေ များပေမဲ့
ဘယ်သော့နဲ့မျှ ဖွင့်ကြည့်မရတဲ့
ဖော့ရှီးခမ်းနားမှု ဇာတ်အိမ်ထဲ
တရားဝင်လူလားမြောက် ပြဇာတ်မင်းသားတစ်ယောက်ရဲ့
ရည်ရွယ်ချက် ပဲပင်ပေါက်အခန်းဆက်များ ဖျော်ဖြေရာ
ဇာတ်လမ်းအကြောင်း

ရှုစားရင်း
ငြင်းဆန်ရင်း
ဖွင့်ဆိုရင်း

ကျွန်တော်ဟာ ကျွန်တော့်ဘဝ နေမကွယ်ခင်
ကိုယ်ပိုင်ရီကောဒင်းအခန်းကျဉ်းလေးထဲ
တစ်ကိုယ်တော်ဆန္ဒတွေ အသံသွင်းယူဖို့
ပလွေတစ်ချောင်းနဲ့
ခြေသံပြင်းပြင်း နင်းလျှောက်ပြန်ခဲ့တယ် ။

---

## ပင်ဝင်တား

မနက်အိပ်ရာနိုးတော့
ဟောင်စပ်စပ် အာလုတ်သံတွေ ကြားလာရ
သွားရည်တမြားမြားနဲ့ မနေ့ကပါးစပ်အကြောင်း
သံဝေဂ ရမိတယ်
မသဒ္ဒါရေစာခွင့်ပြုချက်နဲ့
စီးကရက်တစ်လိပ် ဟန်ပါပါ ရှိုက်လို့
မြို့ရွာပေါင်း ဘယ်လောက်ဝါးမြိုခဲ့သလဲ
လက်ညှိုးတစ်ချောင်းပေါ်
စေတမန်အထူးပြုလုပ်ချက် ဩဇာကို တင်ဆောင်လို့
သတ္တဝါတွေ ဘယ်မျှခိုင်းစေခဲ့သလဲ
ယန္တရားဘီးညှပ် ကြင်နာမှုလိုက်ကာ
တရားတွေ ခါးပိုက်ပိုက်ပြီး
အဆီယစ် ပေါချောင်ကောင်း ဝမ်းဗိုက်ကြီး
ကမ္ဘာမြေချိန်ခွင်လျှာပေါ် ဘယ်ထိလေးလံခဲ့သလဲ
မြေနိမ့်ချိုင့်ဝှမ်းထဲ ဖြုတ်ချလိုက်တဲ့ လောဘမီးတွေ
တောင်ကုန်းပေါ်အရောက် မောင်းနှင်ဖို့
အတ္တလီဘာ ဘယ်လောက်မြှင့်တင်လိုက်သလဲ
အိုးနင်းခွက်နင်းပဋိပက္ခကြားက ဒေါသမီးတွေ
ငြိမ်းချမ်းခြင်းအာရုံကို တောက်လောင်ဖို့
လက်ဝါးစောင်းတွေ ဘယ်မျှထက်ရှစေခဲ့သလဲ

လေးလံမှု ဝန်ပိနေတဲ့
စိတ်စာဘူးတောင်း သိုက်မြုံထဲက မောဟမီးတွေ
ဦးတည်ချက်မဲ့ မြားတံကို ကွေးညွတ်ဖို့
ပစ်မှတ်ကို ဘယ်အရပ်ဆီ ညွှန်စေခဲ့သလဲ
အလည်သဘော မျှားခံရ ပန်းခြံထဲက နွေးထွေးမှုနဲ့
ချစ်ခြင်းတရားကို လေးနက်ဖို့
မိန်းမဘယ်လောက်များများ မုသာဝါဒ သုံးခဲ့သလဲ
ဇရာကို ခါတ်ဆေးဆိုးပြီး မီနီစကတ် ဝတ်ပေးဖို့
ပြူတီပါလာထဲက ပါးဖြံနားဖြံ အသာစံနုပျိုခြင်းတွေ
ဘယ်အထိ အညွန့်တက်စေခဲ့သလဲ
ဒီလို၊
ဆိုလိုချင်သလို ဆိုလိုခဲ့
ဖွင့်ဆိုချင်သလို ဖွင့်ဆိုခဲ့ရင်း
နောင်တတရားနဲ့ လမ်းများဆီ မီးအိမ်ထွန်းပြီး ဘဝစစ်ရှာခဲ့။
အခုတော့
အသာတကြည်ကောက်ယူ ပြားချပ်ချပ်သစ်သားဘူးထဲက
လက်ကျန်မီးခြစ်ဆံနဲ့
ပြည်တွင်းဖြစ် ဖက်ကြမ်းတစ်လိပ်ကို မီးရှို့ကြည့်လိုက်တော့
တစ်ဖွာ နှစ်ဖွာ ရှိုက်ယူခြင်းရဲ့ နောက်ဆုံးရလဒ်ဟာ
နောက်ကျိကျိ ဦးနှောက်အတွင်းသားက ထွက်ကျလာတဲ့
စည်းလွတ်ဘောင်လွတ်ပုံ့ကား
သင်္ချိုင်းမီးခိုးငွေ့တွေ ဖြစ်သွားတယ် ။

## လူတစ်ယောက်နဲ့
## ဘဝရှင်သန်မှုအခြေခံ
## ဆွေးနွေးခန်း

လူအဖြစ်နေထိုင်ခြင်းမှာ
နေရောင်အောက် ပန်းတွေပွင့်တာ ဘာကြောင့်လဲ
လိပ်ပြာတွေ ဝတ်မှုန်ကူးတာ ဘာကြောင့်လဲ
တစ်ပါးသူမမြင်တာ ကြိုတင်တွေးတောရလိမ့်မယ်။
လူအဖြစ်နေထိုင်ခြင်းမှာ
ကျေးငှက်သာရကာရဲ့
သဘာဝအသံကြည်နူးရုံနဲ့ မလုံလောက်တော့
ကိုယ်ဖန်တီးတဲ့အသံဟာ ကိုယ်လိုတဲ့သံစဉ် ဖြစ်ဖို့နဲ့
ကိုယ့်သံစဉ်နဲ့ ကိုယ့်သမိုင်းကို ကိုယ်တိုင်ကြိုးညှိတတ်ဖို့။
လူအဖြစ်နေထိုင်ခြင်းမှာ
ကာလအနိမ့်အမြင့် ရေချိန်မှတ်နဲ့ ချိန်ခွင်လျှာတို့လားရာ
နဖားကြိုးဆွဲလှည့်သလို
မောင်းထုသံကို လက်ခုပ်တီး ယောင်ယမ်းချိန်မဟုတ်တော့
ကိုယ်ပိုင်အာငွေ့ကလည်း ခန္ဓာကိုယ်ပူနွေးစေတာပါပဲ
မုတ်သုန်အားမကောင်းဘဲ မိုးထစ်ချုန်းရွာခြင်းကို
သတိပြု သုံးသပ်တတ်ဖို့။

လူအဖြစ်နေထိုင်ခြင်းမှာ
အိမ်နောက်ဖေး ဈေးဆိုင်တည်တာလည်း အာဟာရပါပဲ
အသက်ရှင်လျက်ရှိကြောင်း ကိုယ့်နှလုံးခုန်သံ ယဉ်ပါးတတ်ဖို့၊
ဆက်လက်ပြီး စေတသိက်ဉာဏ်ကွန့်မြူးရာ
တစ်ယောက်အိပ်မက် တစ်ယောက်ကိုင်းကူးရင်း
တစ်ယောက်သဘောထား တစ်ယောက်နို့ချိုတိုက်ကျွေးရင်း
တစ်ယောက်ရာဇဝင် တစ်ယောက်မုဒိတာပွားတတ်ဖို့။
လူအဖြစ်နေထိုင်ခြင်းမှာ
မှန်ရှေ့ရပ် မျက်နှာအကြောလျှော့လေ့ကျင့်ခန်း မပါဘူး
သွားတိုက်ဆေးညှစ်နိုင်ရုံခွန်အားနဲ့
ရွှေခါးပတ်ချန်ပီယံ မျှော်မှန်းလို့မဖြစ်ဘူး
ဘီသိုဗင်အားကျလို့ ပုံတွေ ထုနှက်ကြရုံနဲ့ မပြီးဘူး။
လူအဖြစ်နေထိုင်ခြင်းမှာ
မော်ဒယ်လ်ရှိုးငေးရင်း သွားရည်ကျရုံနဲ့
စက္ခုအာရုံ ပြည့်စုံပြီလား
နိုက်ကလပ်ညချမ်းရဲ့ အမှောင်ချဂီတနားဆင်ရုံနဲ့
သောတအာရုံ ပြည့်စုံပြီလား
မီးနူးရ်ကတ်ပေါ်က ဝက်စတူးတစ်ပွဲ မှာစားရုံနဲ့
ရသာအာရုံ ပြည့်စုံပြီလား
ချောင်းသာသွားပြီး ပင်လယ်ရနံ့ရှူရှိုက်ရုံနဲ့
ဂန္ဓာအာရုံ ပြည့်စုံပြီလား

## ၂၈ လူဇော်သစ်

တူနှစ်ကိုယ် နှစ်ကိုယ်ကြား နားလည်မှုမီးနီဖြတ်မောင်းရုံနဲ့
ဖောဋ္ဌဗ္ဗအာရုံ ပြည့်စုံပြီလား။
လူအဖြစ်နေထိုင်ခြင်းမှာ
ဗန်ဂိုးရဲ့ နေကြာပန်းနားထိုင်ပြီး
ကြက်တူရွေးချောက်လှန့်ပေးနေရုံနဲ့
ယောက်ျားတို့ တတ်အပ်တဲ့
အဋ္ဌာရသ ပြည့်လာမှာ မဟုတ်ဘူး
**အမှန်တကယ်**
**လူအဖြစ်နေထိုင်ခြင်းဟာ**
**ယုံကြည်ချက်သွေးခုန်နှုန်းနဲ့ ပုံမှန်လည်ပတ်နေတဲ့**
**နာရီတစ်လုံး ပိုင်ဆိုင်ဖို့ပဲ လိုပါတယ် ။**

---

၂၅-၁-၂၀၀၂

## လိမ့်နေတဲ့ စက်ဝိုင်းတစ်ခုကို ခွဲခြမ်းစိတ်ဖြာခြင်း

အိပ်မက်မဆန် ခရောင်းလမ်းထဲ
သံပတ်ပျက် သဘာဝနာရီတစ်လုံး
ရှိတယ်
သံပတ်ပျက် သဘာဝနာရီတစ်လုံးထဲ
ထောင့်ကျဉ်းကျဉ်းရောင်စုံခြယ်မျက်လုံးများ
ရှိတယ်
ထောင့်ကျဉ်းကျဉ်းရောင်စုံခြယ်မျက်လုံးများထဲ
နေကာမျက်မှန်အခန့်သားနဲ့ပတ်ဝန်းကျင်
ရှိတယ်
နေကာမျက်မှန်အခန့်သားနဲ့ ပတ်ဝန်းကျင်ထဲ
တိမ်ဖုံးနေတဲ့ လရောင်တစ်ကိုယ်တော်တင်ဆက်မှု
ရှိတယ်

တိမ်ဖုံးနေတဲ့ လရောင်တစ်ကိုယ်တော်တင်ဆက်မှုထဲ
အငမ်းမရ အစာလုနွားအုပ်တွေ
ရှိတယ်
အငမ်းမရ အစာလုနွားအုပ်တွေထဲ
သိက္ခာတရားယိုကျအချဉ်ပေါက် ဦးနှောက်များ
ရှိတယ်
သိက္ခာတရားယိုကျ အချဉ်ပေါက်ဦးနှောက်များထဲ
ရက်ရက်စက်စက်စွန့်ပစ်ခံ ပန်းတစ်ပွင့်
ရှိတယ်
ရက်ရက်စက်စက် စွန့်ပစ်ခံပန်းတစ်ပွင့်ထဲ
တိမ်ကောခံ ပကာသနဆန်ဆန် ကြေးသွန်းယဉ်ကျေးမှု
ရှိတယ်
တိမ်ကောခံပကာသနဆန်ဆန် ကြေးသွန်းယဉ်ကျေးမှုထဲ
မိမွေးတိုင်း ဖမွေးတိုင်း မလိမ်မာတဲ့ နဖူးပြင်တွေ
ရှိတယ်
မိမွေးတိုင်း ဖမွေးတိုင်း မလိမ်မာတဲ့နဖူးပြင်ထဲ
တွေ့ကရာအိုင် ဝင်မွှေတတ်တဲ့ စာဘူးတောင်းဦးနှောက်တွေ
ရှိတယ်
တွေ့ကရာအိုင် ဝင်မွှေတတ်တဲ့စာဘူးတောင်းဦးနှောက်တွေထဲ
နှုတ်ခမ်းပေါင်းများစွာရဲ့ လိင်ကွဲဗေဒအနမ်းတွေ
ရှိတယ်

နှုတ်ခမ်းပေါင်းများစွာရဲ့ လိုင်ကွဲဗေဒအနမ်းတွေထဲ
သောက်နေကျခွက် ပြန်မှောတဲ့ အဆီပြန်မျက်နှာ
ရှိတယ်
သောက်နေကျခွက် ပြန်မှောတဲ့ အဆီပြန်မျက်နှာထဲ
ပေါင်မုန့်တပ်မှျားထားတဲ့ ငါးမျှားချိတ်
ရှိတယ်
ပေါင်မုန့်တပ်မှျားထားတဲ့ ငါးမျှားချိတ်ထဲ
သက်သေပြစရာ နာမဝိသေသန ထမင်းချိုင့်တစ်လုံး
ရှိတယ်
သက်သေပြစရာ နာမဝိသေသန ထမင်းချိုင့်တစ်လုံးထဲ
အိမ်ပြန်နောက်ကျ ကောင်မလေးတစ်ယောက်ရဲ့ သောက
ရှိတယ်
အိမ်ပြန်နောက်ကျ
ကောင်မလေးတစ်ယောက်ရဲ့ သောကထဲ
အိပ်မက်မဆန် လေလွင့်ခဲ့တဲ့ ခရောင်းလမ်း
ရှိတယ် ။ ။

---

၁၈-၁၁-၂၀၀၀

## အသက်ရှင်နေထိုင်ခြင်း
## မှတ်စု

လောကခံကို ဆေးလိပ်မီးလို ဖွာရှိုက်ကြည့်တော့
မီးခိုးက မရေရာလွင့်မျောမှုနဲ့ မရေရာ ညှော်နံ့ထွက်လာတယ်
အသက်တစ်နှစ်ကြီးလေ
ပြဋ္ဌာန်းချက်အသစ်က တစ်ရစ်တိုးလေပဲ
အတိတ် ပစ္စုပ္ပန် မျောလွင့်ရာ
ငါ့ဘဝကို ငါ့အရက်ခွက်ထဲ ထည့်မြည်းကြည့်တော့
ရင်ထဲ အဘိဓမ္မာခါးသက်သက်နဲ့
ဆာလောင်မှုတွေ လှိုင်းထန်နေကြောင်း
ငါပိုင် မိုးလေဝသသတင်းက ငါ့ကို ပြန်ကြေညာတယ်
ပုထုဇဉ်သဘာဝ ကံစမ်းမဲနှိုက်ရင်
ထိပ်ဆုံးကို မျှော်မှန်းတတ်တာပဲ
ကိုယ်စီကိုယ်ငှ
သံဝေဂတရားနဲ့ ဝမ်းမီးငြိမ်းဖို့
ကိုယ်တိုင်ကိုယ်ကျ
မှတ်တမ်းတင်ဓာတ်ပုံဘောင်ကွပ်ရုံနဲ့ ပြီးမလား
လက်တန်းပုံသေနည်းတိုင်းမှာ
အမှန်တကယ်လူ့သက်တမ်းက
ကြိုးတန်းပေါ် လမ်းလျှောက်ပြနေတုန်း

## လူဇော်သစ် ၃၃

သင်ခန်းစာပို့ချချက်ကတော့
မာတိကာ တစ်နေ့တခြား တိုးလာတယ်
အရှေ့၊အနောက်၊တောင်၊မြောက်  စိတ်ကူးစိတ်သန်းစကားလုံးများ
ဖြူ နီ ညို ပြာ ဝေါဟာရနဲ့
ကာဗွန်ဒိုင်အောက်ဆိုဒ်ရနံ့သင်းနေတယ်
ခေတ်ကြီးလေးပါးလည်း
အခြေခံညီမျှခြင်းပေါ် ပက်လက်မျောရင်း
မီးခိုးကြွက်လျှောက်အာရုံနဲ့ သင်္ချိုင်းရကို ဒန်းစီးနေခဲ့တယ်
ဒီအချိန် ကဗျာဆရာငါလည်း
ယုံကြည်ရာ သဘောတရားကို မီးခိုးလို မှုတ်ထုတ်လို့
ငါပိုင်ဆိုင်ရာ အနုပညာနဲ့
ငါ့အနာဂတ်ကို ဝယ်ကြည့်တော့
ငါဟာ ငါဖြစ်ခွင့်သေချာကြောင်း
ငါ့ကိုယ်ငါ တီးခေါက်ကြည့်တတ်လာတယ်
ပြီးတော့
ငါမသိလိုက်တဲ့ ငါ့ကို
မျက်ဝါးထင်ထင်တွေ့ရှိခွင့် ရလိုက်တယ် ။

---

၁၈-၁-၂၀၀၂

## မမြင်ရတဲ့ဂီတ

ကျောက်တုံးသမားလက်ထဲက သံတိုင်ဟာ
ကျွန်တော် ဖြစ်တယ်
ဘယ်မှာစပြီး ဘယ်မှာဆုံးမယ်မှန်း မသိတဲ့
မသိခြင်းလက်မှတ်မှာ
ကျွန်တော့်နာမည် အထင်အရှား ရေးထိုးထားတယ်
ကိုယ်တိုင်လူရာဝင်ကြောင်း ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး
သစ်ကိုင်းခြောက်ပေါ် နားမိတဲ့ ငှက်တစ်ကောင်လို
ခန္ဓာဝန်နဲ့ ခံနိုင်ရည်အား မသိစိတ်က အတိအကျသိတယ်
ကဗျာဆရာတွေနဲ့ ခေါင်းချင်းဆိုင်ရပါများတော့
လမ်းလျှောက်ရင်း ခေါင်းငုံ့တာဟာ
စဉ်းစားတွေးခေါ်ခြင်းရဲ့ အမှန်တရား
မေးဖျားပေါ် ထောက်မိတဲ့ လက်ကို
ကိုယ်တိုင်ကိုယ်ကျ ရွေးချထားတယ်
ကမ္ဘာမြေကို ရေတွေ ဘယ်လောက်တိုက်စားသွားပြီလဲ

ရေပြင်ထုထည်အတိုင်း ငါးတွေ ဘယ်လောက်များလာပြီလဲ
ငါ့ကိုငါးနဲ့ စားတဲ့ဒုက္ခတရားတွေ
ဘယ်အထိ ဝဲဂယက်ထလာပြီလဲ
မြန်မာပြည်ရဲ့အလယ်ပိုင်း မိုးနည်းဒေသကနေ
ထိုင်တွေးနေတယ်
လယ်ကွင်းတွေ ပပ်ကြားမြေထဲက ရုန်းထွက်ဖို့
ကိုယ်တိုင် မိုးဥတုအဖြစ် ရွာချပေးချင်တယ်
အပင် ထန်းပင်လောက်
အသီး ထန်းသီးလောက်
ဒဏ္ဍာရီ ပုံပြင်ထဲ
ထန်းပင်တက်ဖို့ ဝန်လေးနေတဲ့
လူကြီးလူကောင်းတွေရဲ့ ဣန္ဒြေရရ အသံကြားတယ်
မြန်မာပြည်ရဲ့အလယ်ပိုင်း မိုးနည်းဒေသကနေ
ထိုင်တွေးနေတယ်
တောကြိုအုံကြားက သဇင်ပန်းရနံ့ခေါ် သံအတိုင်း
ပန်းပျံပင်ဆင့်ခွန်အားတို့ သစ္စာရှိရှိ မွေးမြူထားမယ်
လိုအပ်ရင် မီးဖိုပေးဖို့ဝန်မလေးတဲ့ ဆန္ဒနဲ့
လူသားအားလုံး နွေးထွေးစေဖို့
လောင်စာသတ္တိမီးထိုးပေးထားမယ်

မြန်မာပြည်ရဲ့အလယ်ပိုင်း မိုးနည်းဒေသကနေ
ထိုင်တွေးနေတယ်
အထက်အောက် ဆန် စုန်ခရီးကြောမှာ
ဘဝတွေ အဓိပ္ပာယ်ရှိရှိ ဖူးပွင့်ဖို့
ကျွန်တော်လိုအပ်တယ်
ခင်ဗျားလိုအပ်တယ်
ဒီလို လိုအပ်ခြင်းတွေနဲ့
သုံးရာသီလုံး ခေါင်းချင်းဆိုင်ဆွေးနွေးကြတာဟာ
ကျွန်တော်တို့ရဲ့ အနန္တ . . . စကြဝဠာ . . . ကဗျာ ။

သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း 2001, JUNE

# မာတိကာ

## တိုးနှောင်မိုး


| | |
|---|---|
| ကြယ်လွဲမိုး | ■ ၃၉ |
| ကျွန်တော်ကိုယ်တိုင်ဝမ်းမသာမိတဲ့အကြောင်း | ■ ၄၀ |
| ရှင်ကွဲ | ■ ၄၂ |
| ကျွန်တော့်စိတ်တွေ ဘယ်စွန်နဲ့လွှတ်ရမလဲ | ■ ၄၃ |
| ဒါ့ကြောင့် ကျွန်တော့်ကို ဂျွန်လင်နွန်လို့ခေါ်ပါ | ■ ၄၅ |
| နတ်ဝင်နေတဲ့ ဂစ်တာ | ■ ၄၇ |
| မော်တော်ကား | ■ ၄၈ |
| အချစ်ကဗျာ | ■ ၄၉ |
| ဖိုးဦးတောင် | ■ ၅၀ |
| ရာသီဥတု | ■ ၅၁ |

ပထမဆုံးမြင်ရတဲ့ နေရောင်ခြည်မှာ
ကျွန်တော်က ရသေ့တစ်ပါးလို ဂူနေရှိနေချင်တယ်။
ပေပေ မေမေ
သူတို့ကို ဆန့်ကျင်ရင်းက
ကဗျာဆရာဆိုတဲ့ဘဝကို ရွေးခဲ့တယ်။
ပေပေနဲ့မေမေအတွက်
ကျွန်တော့်အောင်မြင်မှုနဲ့ ကျေးဇူးဆပ်ပါရစေ၊
ဆင်သတ် အရုပ်ဝေသလို
ကျွန်တော့်ကဗျာတွေ ဝေပါရစေ။

တိုးနှောင်မိုး
သျှီခေတ္တရာပျူမြို့

## ကြယ်လွဲမိုး

အဝေးကိုစီးဖို့
မြစ်ရဲ့ခြေအစုံကို တောင်းပန်
ကောင်းကင်တစ်ခုပြီးတစ်ခု ဖတ်ခဲ့။
ဘယ်တော့များ
ကြယ်ကိုစိုအောင် ရွာမှာလဲ
စကြဝဠာကျစ်ဆံမြီးထဲ
ပွင့်ချင်တိုင်းပွင့်
လှုချင်တိုင်းလှု ကြယ်မလေးရေ . . .
ငါ့ကောင်းကင် လက်တစ်ဆုံးတောင်
မင်းပုန်းနေတုန်းပဲလားကွယ့်
အာသီသတွေသာရှိပြီး
သင်ယူလို့မရတဲ့ မိုးဟာ ငါပဲပေါ့။

( Beauty၊ စက်တင်ဘာ - ၂၀၀၁ )

## ကျွန်တော်ကိုယ်တိုင် ဝမ်းမသာမိတဲ့အကြောင်း

နံနက်ကိုခင်းလို့
ငှက်တွေက မိုးလင်းတာကို ထိုင်စောင့်နေချိန်
သွေးပူလေ့ကျင့်ခန်းဆိုတာ
ရေဒီယိုက မလာလည်း လုပ်လို့ရပါတယ်။
သံဝေဂကို
စတစ်ကာကပ်ထားတဲ့ကားမှန်မှာ ရေးထားလည်း
စိတ်ဝင်စားစရာက
ဒဏ်ရာမဟုတ်ဘူး ရောဂါ။
သူမ နှုတ်ခမ်းဆိုးနီ ဆိုးရုံနဲ့
ကျွန်တော်အတွက်လို့ ထင်နေသူတွေက
ဒေါက်မြင့်ဖိနပ်ပေါ်က ရယ်သံကို
နံနက်စာ အတူတူစားချင်လို့တဲ့။
စားပွဲပေါ်က ပန်းအိုးထဲ
ဂီတတွေ အသစ်လဲစိုက်တဲ့အခါ
ကော်ဖီပန်းကန်ထဲ ရောက်လာတဲ့ကြော်ငြာက
ဂျုံနဲ့ဆိုထားတဲ့ သီချင်းကို ကံစမ်းမဲဖောက်လို့။
မျက်လုံးပျက်သွားတဲ့ လှေခါးတွေဆန္ဒမှာ
မြစ်လိုစီးချင်တဲ့အလွမ်းက
တိမ်နဲ့တသင်းသင်းနဲ့ ငိုလို့။

မှန်ရှေ့ မျက်နှာအပ်မိတိုင်း
ရုပ်ရှင်ထဲက ဝေဒနာကို
ရထားဝင်လာတဲ့ ဒီဇိုင်းနဲ့ ကြုံမိ။
ပန်းတွေထထမွှေးတဲ့ကိစ္စ
အကျိုးလဲပြီးမှ
စံပယ်တစ်ကုံးလောက်
ကျွန်တော့်နာကြည်းမှုမှာ ချိတ်ချင်ပါတယ်။
ရေမွှေးဘူးထဲ ဝင်သွားတဲ့စိတ်ကူး
ခြေသံများ လမ်းမနဲ့ကပ်ရိုက်မိသောအခါ
အရှိန်နဲ့အချိန် တိုက်ရိုက်အချိုးကျနေ။
[ Speed : Time ]
အချိန်အခါကောင်းဆိုတာ
သူတော်စင်ဆယ်ဦးကူတောင် ရမှာမဟုတ်ခဲ့။
အဝင်ဆိုးသောထောင့်များ
နှလုံးသားကို ပျားစွဲကြ
ဓာတ်ပြားဟောင်းနဲ့ နေထွက်ပြီး
ဓာတ်ပြားဟောင်းနဲ့ နေဝင်လည်း
မျက်ရည်ပါကင် ပို့စရာမလို
ချစ်သူကပြောတယ်
'ဒီနေ့တစ်နေ့လုံး မောင်နဲ့လည်မယ်' တဲ့။

( ရန်နံ့သစ်မဂ္ဂဇင်း၊ သြဂုတ်-စက်တင်ဘာ-2000 )

## ရှင်ကွဲ

ညတွေထဲ
လွမ်းလိုက်တာနှင်း။
မြစ်က ခိုးနားထောင်မှာစိုးလို့
အိပ်မက်တွေ မော့သောက်ရင်း
ရင်ခုန်ဖို့ ထိတ်လန့်နေရသူပါ။
မျက်လုံးတွေ မှိတ်မရတဲ့အခါ
အမြဲတမ်း လွမ်းစိတ်နဲ့လောင်
ညစဉ်ညတိုင်း
ခုတင်နဲ့ကျောနဲ့ကပ်
ဒီလိုပဲ ဝေးဝေးသွားမှာလား။
ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့
ချစ်ခြင်းတွေ ကွင်းပြင်ထဲဟာစ်အော်ပြေးနေရပြီ။
တကယ်ဆို
ချစ်ကံခေသူတို့ နိဂုံးဟာ
ဒီလိုပဲ
ခွဲခွာခြင်းကို ဆေးထည့်မရဘူးလားကွယ်။

( ရန်နံ့သစ်မဂ္ဂဇင်း၊ မေလ- 2000 )

## ကျွန်တော့်စိတ်တွေ
## ဘယ်စွန်နဲ့ လွှတ်ရမလဲ

ကြိုးနဲ့ရစ်ဘီးကို ကိုင်ပြီး
စွန်မရှိလို့ ငိုင်နေတဲ့ကလေးလို
ကျွန်တော့်စိတ်တွေ ဘယ်စွန်နဲ့ လွှတ်ရမလဲ။
ကလေးငယ်က
ကောင်းကင်ကိုကြည့်ပြီး ဝူးဝူးဝါးဝါးအော်နေ
ကလေးအဖေလို့ထင်ရသူက
စမ်းချောင်းလေးကို လက်ကဆွဲခေါ်လို့
ကျွန်တော့်စိတ်တွေ ဘယ်စွန်နဲ့ လွှတ်ရမလဲ။
ဒုက္ခတစ်ပွေ့တစ်ပိုက်နဲ့
မျက်လုံးစောင်းစောင်း သူငယ်ချင်းက
စစ်လျော်ကြေးပေးသလို ခက်ရင်းနဲ့တူတဲ့ ဒုက္ခတွေပေးပြီး
အပြုံးနည်းနည်း ထိုးစိုက်မြည်းသွားတယ်
ကျွန်တော့်စိတ်တွေ ဘယ်စွန်နဲ့ လွှတ်ရမလဲ။

ပန်းချီဆရာ ကိုညိုကတော့ ပြောတယ်
မင့်ကဗျာဖတ်ရတာ
မြစ်ရယ်
နေရယ်
နှင်းရယ်တွေပဲ တွေ့တွေ့နေရတယ် . . . တဲ့
အခုလည်း
ကျွန်တော့်နှလုံးသားကထွက်ကျလာတဲ့ မြစ်အထွေးလိုက်ကို
အသက်အောင့်စီးနေတဲ့ ရှုခင်းနှင်းနဲ့ ပန်းချီဆွဲပေးပါ
ကျွန်တော့်စိတ်တွေ ဘယ်စွန်နဲ့ လွှတ်ရမလဲ ။

---

( ယနေ့ခေတ်ဂျာနယ်၊ 2001 -ဇူလိုင်လ )

## ဒါ့ကြောင့်
## ကျွန်တော့်ကို ဂွန်လင်နွန်လို့ခေါ်ပါ

ကျွန်တော့်ကို စိတ်ကူးလို့ခေါ်ပါ။
ကျွန်တော့်ကို အနုတ်တစ်ရာလို့ခေါ်ပါ။
ကျွန်တော့်ကို ဂွန်လင်နွန်လို့ခေါ်ပါ။
ကမ္ဘာကြီးရေ၊
ကျွန်တော့်ကိုယ်ကျွန်တော် ချန်ခဲ့ရမှာ အားနာသလို
ကျွန်တော့်ကိုယ်ကျွန်တော်
ခေါ်သွားရမှာလည်း နှမြောတယ်
မျိုးဆက်သစ်တွေနဲ့ ပေါင်းဖို့
ဖုံ့ရှာရမှာလား၊ငါးရှာရမှာလား၊
နှင်းသစ်အတွက်
ဆောင်းအသစ် လိုသလား၊
ခြေစစ်ပွဲမအောင်ဘဲ ကျွန်တော့်မေတ္တာတွေ ရှုံးခဲ့။
ယခု လူငယ်တစ်ယောက်ဖြစ်တယ်
အမြဲတမ်း လူငယ်တစ်ယောက်ဖြစ်ဖို့ မလွယ်
နေစိုနေတဲ့ပန်းများ
ရန်နဲ့ကို စိုင်းကြိုးတပ်ထားကြ

## ၄၆ တိုးနောင်မိုး

ဖန်ရေဆေးဖို့ဆိုပြီး
လေညင်းရဲ့အနာကို ပတ်တီးခွာကြည့်တော့
တိမ်များ ကျွန်တော့်အလုပ်ဝင်လုပ်တယ်
လူတစ်ယောက်ရဲ့ ခြေသံတဂွက်ဂွက်မှာ
သူ့မိသားစုတစ်ဝက် ညှပ်ပါလာ
မြစ်ဝှမ်းက မျက်မှန်တပ်သွားတဲ့နေ့မှာ
ဓာတုကလျာက မာစတာဂျစ်မောင်းသွား
ကမ္ဘာကြီးရေ၊
ကြိုးတွေ ဘယ်လောက်ရှည်ခဲ့ပြီလဲ
မလိမ္မာသေးတဲ့ လက်တွေသာ
စိတ်ရှိလက်ရှိ လွှဲချော်လို့
'ကမ္ဘာကြီးရေ' လို့ မခေါ်တော့ဘူး
ကမ္ဘာကပေးတဲ့ ဆုကိုလည်း မလိုချင်ဘူး
ကိုယ်ကိုယ်တိုင်ပေးတဲ့ဆုပဲ ယူမယ်
ဒါ့ကြောင့်
ကျွန်တော့်ကို ဂွန်လင်နွန်လို့ခေါ်ပါ ။

---

( ဟန်သစ်၊ စက်တင်ဘာ- 2001 )

## နှတ်ဝင်နေတဲ့ဂစ်တာ

ဂစ်တာဝင်စားတဲ့ ဝိညာဉ်က
ဂစ်တာတစ်လက်ဆီကို
ဂစ်တာကြိုးလို တုန်ခါပြီးရောက်လာ။
ဆံပင်နဲ့လုပ်ထားတဲ့ ဂစ်တာကြိုးတွေ
ဆံပင်နဲ့ တီးခတ်လိုက်တိုင်း
ဆံပင်ချင်းရိုက်သံ တရှမ်းရှမ်းညံခဲ့။
ဂစ်တာက လူနဲ့လုံးထွေးသွား
လူက ဂစ်တာနဲ့လုံးထွေးသွား
အနံ့ အရသာ အရောင်မရှိတဲ့ အသံတွေ
အစီအစဉ်အတိုင်း ခုန်ထွက်ကျ။
လှိုင်းတွေ နာမည်မပေးခင်
စာမျက်နှာပေါ်က ဂီတနုတ်စ်တွေသာ မောဟိုက်
ဂစ်တာက နတ်ဝင်သည်လိုပဲ ။

( ရုပ်ရှင်တေးကဗျာ၊ မေလ- 2001 )

## ပေါ်တော်ကား

အခုထိ  ခြေချလို့ မဆုံးသေးဘူး
ဘီးကို ခဏခဏ လဲရတယ်။
အိပ်မက်နဲ့ လောင်ကျွမ်းပြီး
မိုက်လုံးကြီးစ မီးခိုးတွေနဲ့ ရွေ့ခဲ့တယ်
ကားဟွန်းသံနဲ့ စဉ်းစားခဲ့တယ်
ကားမီးရောင်နဲ့ တွေးခဲ့တယ်
နောက်မီးတွေက
သူ့အတိတ်ကို ဝေးဝေးက မြင်ရအောင်လေ။

---

(ဟန်သစ်၊ ဖေဖော်ဝါရီ-2002)

## အချစ်ကဗျာ

အသံနဲ့ ခါးသက်စွာ ပေါ့ပါးနေသလို
ငါက
ကံတရားအပေါ် ပင့်မြောက်တာမျိုး
မင်းအတွင်းစိတ်က စမ်းချောင်းလေးရေစီးသန့်တာ
ထည့်မစဉ်းစားဖြစ်ဘူး။
အရှူးတစ်ယောက်ရဲ့ စပျစ်သီးဟာ
ချိုမြိန်တဲ့ အနမ်းတစ်ခုဝေဒနာအစ
ခုတော့
မပို့ဖြစ်တဲ့ လိပ်စာဟာ
စာအိတ်ကို ရှာဖွေယိမ်းယိုင်ခဲ့ပြီ။
ညီမလေးရေ
ငါ့ရဲ့ Abcd လေးရေ
မိုးသက်လေပြင်းရဲ့ ပွဲစဉ်အပြီး
လေပြည်လေညင်းက
ငါ့ရန့်ကို ဘာအချစ်နဲ့ ဖွင့်မှာတဲ့လဲ
ဝသန္တနဲ့ စကားဝိုင်းမှာ
မင်းအသံနဲ့တင် ငါက ကဗျာ ။

## ပိုးဦးတောင်

နေအညိုမှာ
ထုံးအဖွေးဖွေးက လင်းခန့်
အစိမ်းရောင်ပခုံးပေါ် ရွှေရောင်တစ်စ
မြစ်ကိုကျော်ပြီး မြင်ကွင်းက ရထားတယ်။
ငှက်ကလေးတွေ ရေပေါ်ပြေးဆော့
ခေတ်တစ်ခေတ်ရဲ့ ရာဇဝင်ဟာ
ကျောက်သားနံရံကို ဝေဒနာနဲ့ရေးခြစ်။
လှေခါးထစ်တွေ ရေတွက်ရင်း
ချစ်သူနဲ့ပြေးတက်ခဲ့တဲ့ အမောကို
ဒီဘက်ကမ်းက အတွေးနဲ့
ဟိုဘက်ကမ်းက အတိတ်ကို အနှေးပြတယ်။
ဆံပင်ရှည်ခဲ့သလို သစ်ပင်တွေ သေခဲ့သလား
ဖိနပ်နှစ်ရံရဲ့ဘဝဟာ
ပွဲတော်ရက်တိုင်း လွမ်းမီးတောက်ခဲ့ပြီ။
ပွေးဖိုပွေးမ အမုန်းရန်ငြိုးမှာ
တို့နှစ်ဦးလည်း ဘာမှမဆိုင် ။

## ရာသီဥတု

ပြီးပြီးရော ပန်းခွေတွေ
ဓားပေါ်မှာ မတ်မတ်ရပ်
ပန်းပွင့်ရဲ့နားလည်မှုနဲ့ အမြစ်ပွခဲ့ရ။
ဆပ်ကပ်ထဲက ဆင်လို
ညားခါစ မယားလေးကလည်း
ယဉ်ချင်မှ ယဉ်မယ်။
ပုတ်သင်ဥတူးရင်း ညောင်မြစ်ပေါ်ခဲ့တယ်ဆိုတာ
အလေဇာတော ဖြစ်ခဲ့တဲ့ သီချင်းတစ်ပုဒ်မဟုတ်
နေမြင့်လေ အရှူးရင့်လေပဲ
အခွံသက်သက် ကမ်းခြေများက
ခရုတစ်ကောင် အသည်းနာသလိုမျိုး
မျောက်သွေးနဲ့ ဖော်စပ်ခဲ့ဖူးတယ်။
ပန်းဂေါ်ဖီတွေ ပွင့်ပြီ
စံပယ်ရနံ့ရဲ့မေမေဟာ
ထီးဆောင်းပြီး ဆံပင်ဖားလျား ချထားခဲ့တယ်။

ဖိနပ်တစ်ဖက်က မိုးစိုပြီး
ဖိနပ်တစ်ဖက်က နှင်းစိုနေတယ်
ရာဝင်အိုးထဲက မိုးရေတွေ
ဒီတစ်သက် သောက်ကုန်ဦးမှာလား
ရာသီဥတုက ကိုယ့်ဘက်ပါတယ်
ဘောလုံးသမားများ အကြိုက် ။ ။

တိုးနှောင်မိုး

# မာတိကာ

**အောင်ရင်ငြိမ်း**


| | |
|---|---|
| မီးလောင်နေတဲ့အသံ | ■ ၅၅ |
| ကေစာရီ | ■ ၅၈ |
| ညမွှေးပန်း | ■ ၆၀ |
| ဆေးရုံ | ■ ၆၂ |
| ခြေသလုံးအိမ်တိုင် | ■ ၆၄ |
| တစ်ကိုယ်တော်သရုပ်မှန် | ■ ၆၆ |
| အိမ်ထောင်ပျက် | ■ ၆၈ |
| ကြေးနန်းစာ | ■ ၇၀ |
| ပုထုဇဉ် | ■ ၇၃ |
| လူ့အဖြစ်ရဲ့အပေါ်စားမေးခွန်းများ | ■ ၇၆ |

အချစ်ဟာ အနုပညာ
ဘဝဟာ အနုပညာ
လောကဓံတရားဟာ အနုပညာ
ကာယကံ ဝစီကံ မနောကံ
ကိုယ်နှုတ်နှလုံးသုံးပါးနဲ့ ကြိယာဖြစ်သမျှ
ကံသုံးပါးဟာ အနုပညာ

ကဗျာဟာ ဘဝဖြစ်ပြီး
ဘဝဟာ ကဗျာ ဖြစ်ခဲ့တယ်။

အောင်ရင်ငြိမ်း

၁၇ ဇွန်လ ၁၉၇၃။

## မီးလောင်နေတဲ့အသံ

အထီးကျန်ခြင်းဟာ
ငါ့အသွေးအသားထဲ သွေးသား
နံရိုးတစ်ချောင်းလိုနေတဲ့ည
အသက်က အလွမ်းနဲ့လင်းတယ်။

အတိတ်မှာ
တို့အတူပွင့်ခဲ့ဖူးတဲ့ ကုသိုလ်တွေ အဖွေးဖွေး
အတိတ်မှာ
တို့အတူပွင့်ခဲ့ဖူးတဲ့ အကုသိုလ်တွေ အမွှေးမွှေး
ငါတို့ မှားခဲ့တယ်
ငါတို့ အချစ်မှာ မှားယွင်းခဲ့ကြတယ်။

ဆေးမင်ကြောင်လို
ငါ့တစ်သက်စာ ပွဲထင်ထပ်အမှား
ဘယ်လိုတရားနဲ့ ဖြေရမလဲ
နောင်တတွေ ငါ့ဘဝထက်လေးလံခဲ့။

ဇာတ်လမ်းအရ
အမှားအယွင်းတွေသာ ငါ့အနုပညာ
သံဝေဂကို ရုပ်ဖျက်ထားတဲ့ နာမည်ဝှက်။
အမှားအယွင်းဆိုတာ
အမှန်တရားတစ်မျိုးပါပဲ။

မင်းအတွက်
ငါ့အချစ်ဟာ အညစ်အကြေး
ငါ့ရင်ခွင်ဟာ အဆိပ်ပြည့်ငရဲခန်း
ငါ့အတွက်
မင်းသွေးဆုံးသွားတဲ့ အနမ်းဟာ
အမှန်တရားပါ ရင်ငြိမ်းရယ်။

စိတ်ရဲ့မိုးလေဝသ
တံလျှပ်တွေချည်း ချောင်းချောင်းထရာသီ။

အလွမ်းတွေ သွေးသံရဲရဲ
ဝါရင့်သားလိုးမားတစ်လက်လို
ငါ့ကို စိပ်မွှန်းသွားကြ။

အဖြစ်သနစ်တွေ မီးလိုပြန်ဖိုမိတော့
ခံစားမှုများ တငွေ့ငွေ့အဝါ
ငါ့ကိုယ်ငါ ဘယ်လိုစိမ်းလန်းရမလဲ။

အထီးကျန် နေပြင်းပြင်းမှာ
ရေခန်းမြစ်လို လောင်ကျွမ်း
စိတ်ရဲ့ အမည်ပေးမရသော အရသာများ
ပဲ့တင်ထပ် သေဆုံးနေ။

မျှော်လင့်ချက် အပုပ်နံ့တလှင်လှင်
အပွင့်မြို့ ပန်းခင်းကလေးထဲမှာ
သစ္စာတရားကိုပဲ
အသံထွက်အောင် တီးခတ်ပြာနှမ်းနေမိရဲ့။

အခုတော့
သံယောဇဉ်ကြိုးပြတ်သွားတဲ့
ဘဝတယောလေးရဲ့ လွမ်းဖွယ့်ဂီတမှာ
အလွမ်းပြေ
စိတ်ချင်းပွတ်သပ်ချွဲနွဲ့နေကြတော့ရုံပဲ။
အလွမ်းပြေ
စိတ်ချင်းပွတ်သပ်ချွဲနွဲ့နေကြတော့ရုံပဲ။

## ဧကစာရီ

ညက
ပွင့်ခဲ့တဲ့ အနိစ္စတရားဟာ
မနက်စောစော ကြွေသွားပြီ။

အိမ်ပြင်မထွက်ခင်
ကိုယ့်ဇာတာကိုယ် ပွတ်သပ်
ကံဆိုးမိုးမှောင်များ အနာဂတ်များ
သက်သေ
နေရပ်လိပ်စာမသေချာသော ရှေ့ရေး
လူမသိ သူမသိ
ဝှက်ထားတဲ့ဘဝကို ခိုးကြည့်ရတာ
သူစိမ်းဆန်လှတယ်။
ကိုယ့်အရသာ

ကိုယ်မြည်းစမ်းဖို့ လျှာအရိုးမရှိတဲ့အဖြစ်
ကိုယ့်အနတ္တကိုယ် မေ့လျော့
အနုပညာအမူးလွန် နှစ်ပရိစ္ဆေဒများ
ကိုယ့် သရုပ်မှန်
ကိုယ်ဆာရီယယ်ဆန်ထားရ အဆီအနှစ်မဲ့ကိစ္စများ။

စနေပြီး တနင်္ဂနွေ
သေခြင်းရဲ့ဟွန်းသံ ပဲ့တင်ကျယ်လောင်လာ
လူ့အဖြစ်မှာ ဘာအရသာများရှိသလဲ
သံသရာ ရေဆုံးမြေဖျား
အရေလှန် ဆန့်မျှော်တွေးမိရာ
အမည်နာမများရဲ့ ရှုမျှော်ခင်းထဲမှာ
တရားကို ရှာမတွေ့ဘူး။

အရှိကို
အရှိအတိုင်းထားရင် ပုပ်သိုးသွားမလား
အသစ်ပွင့်တဲ့ သေခြင်းမှာ
စိတ်ကို ပစ္စုပ္ပန်မိတယ် ။

26 ဇူလိုင် 2002

## ညမွှေးပန်း

ပွင့်ခဲ့တယ်
ငယ်ငယ်ကကိုယ်သင်းရနံ့နဲ့
ရှင်သန်ခြင်း အနက်ဆင်တူယိုးမှား
အကျင့်အပေါ်စားရေမွှေးတွေ ဘဝရွဲ့ရွဲ့စို ဆွတ်ဖြန်းလို့
ညတစ်ခင်းလုံး ရှိုးအီသွားအောင်
မျက်ရည်ပုံအော ပွင့်ခဲ့တယ်။
ပွင့်ခဲ့တယ်
သတင်းမွှေးမြမြ ရေပန်းစားညို့မျက်ဝန်းကလေးရဲ့
အရှက်နီနီတွေ တစ်ပွင့်စီခြွေခြွေပြီး
လောကကို မြှူဆွယ်ရတဲ့အခါ
စိတ်က သူ့ကိုယ်သူအော်ဂလီဆန်ပျို့အန်တယ်
လူတကာအာသီသရှိတဲ့ သိဂ်ီရသစ်သီးကို
ချစ်သူ့လက်ဆောင်
ချော့ကလက်တစ်တောင့်လို ခံစားဝါးမြို့ရ
မိန်းမဆန်ခြင်းကို
ကပိုကရို ချွတ်ခွာထားရတဲ့ ညတွေမှာ။

ပွင့်ခဲ့တယ်
စီးကရက်ရနံ့ အချစ်အတု
ရမ္မက်အခိုးအငွေ့တဝေဝေနဲ့ အနမ်းအပြာ
စကားလုံးလှုလှု ဘီယာနံ့မွှေးမွှေး
အဆီပြန် ဇောချွေးဇောပွင့်တွေနဲ့ ရင်ခွင်အပြာ
အချိန်လွန်ညစာ ငွေစကြေးစ
ကိလေသာ ပိုးတရွရွနဲ့ အသွေးအသားအပြာ
ပရိယေသနအပြာ ဘဝအပြာ
အိပ်မက်အပြာနဲ့ ညအပြာ။
ပွင့်ခဲ့တယ်
ချစ်သူချော့ စုံတွဲသီချင်းသံကို
လရောင်ထဲ ကြားယောင်ရင်း
တစ်ညထက်တစ်ည
ဘဝက သွေးဆုံး ပိန်ကပ် ပြာနှမ်းလာ
အဲဒီလို ဆေးရောင်ဖျော့ဖျော့ ကြမ္မာဇာတ်မျော ညများ
အချစ်မှောင်မှောင် ညမှောင်မှောင် သန်းခေါင်ယံအစပ်မှာ
ကိုယ့်အပွင့် ကိုယ်ပြန်ပန်ထားတဲ့ ညမွှေးပန်းတစ်ပင်လို
အိမ်ခြေရာခြေမဲ့ စိတ်ကူးမိုးလင်းခဲ့ရသော
ပန်းတစ်ပွင့်ရဲ့ ကိုယ်ရေးပုံပြင်။

( **ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ- 2001** )

## ဆေးရုံ

အသွားမြမြ မီးနေနံ့အဝါ
လူ့ဘဝ ချက်ကြိုးကို ဖြတ်ချလိုက်တယ်။

အပူမိနေ့ညတွေ တစ်နံ့တစ်လျား
နာကျင်ညည်းညူသံတွေ ခိုလို့မွန်ထူ
အာသီသတွေ အဆီဝင်းဝင်း
အာရုံမှုန်ကူကွက်မှာ စိတ်ဟာ ပင့်ကူမျှင် လို့။

လေထုတစ်ပြင်လုံး
ရောဂါ ပိုးမွှားလို ပျံ့နှံ့နေကြ
စိုးရိမ်သောကတွေ အရိုးငေါငေါ။

အစွဲအလမ်း ပိုက်တန်းလန်းနဲ့
အတွေးတွေ လမ်းမပေါ် ခိုးဆင်းသွား
ရောင်စုံ ရယ်ရွှင်ဖွယ်ရာများမှာ ဆွံ့အ
နားတွေ ခမျာ
ဒုက္ခရဲ့ အရေးပေါ် ဥသြသံ မကြားရဘူး။

အသက်ရှင်ခြင်း နာတာရှည်သမျှ
အမှားအယွင်းတွေ သွေးသွင်းနေရဦးမှာပဲ။

အိုမင်းခြင်းရဲ့ အမှောင်မှာ
သံဝေဂတွေ အိပ်တန်းပြန်ခဲ့ပြီ
ငိုသံတွေ စီခနဲ
လူ့ဘဝရဲ့ မျက်ခွံကို ပင့်သက်တွေနဲ့ ပိတ်ပေးလိုက်ကြ
သေခြင်းတရားက သူနာပြုဆန်ဆန်။

## ငြေသလုံးအိပ်တိုင်

၁ လမ်းဘေးစွန့်ပစ်ခံ ဘဝပျက်များရဲ့
ပလက်ဖောင်း ဗုံသံကို ကောက်ထည့်ခဲ့တယ်
၂ ပလက်စတစ်အိတ်ကြီးထဲမှာ
စိတ်ကူးစိတ်သန်းတွေ ရွှေရောင်မြူးတူးကာ
၃ လျှောက်ရတဲ့လမ်းက
နှစ်တစ်ရာကျော် ခေတ်ပြားသီချင်းထက် မှုန်ဝါးရဲ့
၄ ပေါင်မုန့်တစ်ဖဲ့နဲ့ ဆာလောင်မှု လွန်ပွဲအကြောင်း
အကုသိုလ် မြူဆွယ်မှုမှာ
၅ စိတ်ဟာ သောင်ပြင်ပေါ်လွှတ်တဲ့ ငါးတစ်ကောင်လို
ဖျပ်ဖျပ်လူးလို့
၆ ဒီညစာအဖို့ ခေတ်ပေါ်ကဗျာတစ်ပုဒ်ထဲက
စကားလုံးတွေ အနုပညာသရုပ်မှန်ဟင်းလျာ
၇ ပြီး မနက်ဖြန်ဂယက်အနက်ကိုတွေးပြီး
စိတ်ကူးယာဉ်မောင်းမယ်
၈ အလင်းဆိုင်ထဲက အန်ထွက်လာတဲ့ ဇိမ်ခံသီချင်းက
ငါ့ခံစားမှုကို ခိုးဝှက်နားဆင်လို့
၉ ငါ့လေချွန်သံမှာ အပေါစားရင်ခုန်သံ မွှမ်းမံပြီး
ပရိတ်သတ်လက်ခုပ်သံ မျှားယူစဉ်

၁၀ အိပ်မက်ထဲက ဘဝရဲ့အသံသေးအသံကြောင်
စိတ္တဇ သီချင်းသံကို ကြားရ
၁၁ ဘဝတူ ကောင်မလေးက သူ့အာသီသတွေ
သင်္ကေတဖတ်ပြီး ဟာမိုနီလိုက်လေတယ်
၁၂ မျှော်လင့်ချက်ဆင်းရဲခြင်းက
သန်းခေါင်ယံထက်အရောင်နက်နက်လာသောညများ
၁၃ ဒုက္ခကို သစ်ကိုင်းမှာ စိတ်နဲ့ တွဲလောင်းချည်ပြီး
စိတ်နာလက်နာ နမ်းရှိုက်ပစ်မိတယ်
၁၄ ဘဝဟာ
လောကဓံဆီမှာ ကျင်းစိမ်ပြီးသား
ဂေါက်သီးတစ်လုံးလို မလူးသာမလွန့်သာ
၁၅ ဒီလိုနဲ့ စီ-၂၇ တစ်ခွေစာ မွေးနေ့သီချင်းတွေ
ပလက်ဖောင်းပေါ် ခြေသလုံးအိမ်တိုင်ဆန်ခဲ့
၁၆ အညတရ ကိုယ်ကျင့်သီလနဲ့သာ
လောကကိုသစ္စာတိုင် သင်းမြရတဲ့ဘဝမှာ
၁၇ ကျောတစ်ခင်းစာ ကမ္ဘာမြေကြီးရဲ့ ကျေးဇူးတွေ
ရင်ဘတ်ပေါ် ကိုယ်လေးလက်ဝန် ဖြစ်ခဲ့ပြီ။

IDEA Magazine , May 2002.

## တစ်ကိုယ်တော်သရုပ်မှန်

မြွေလို အပျင်းတွေ တွန့်လိမ်လူးလွန့်နေ
ရုပ်နာမ် စိတ်ဝမ်းကွဲ
အထီးကျန်ခြင်းကို
ဘယ်စကားလုံးနဲ့ အရောင်တင်ရမလဲ။

အရေပြားက စိတ်အညှီနံ့ရတယ်
အိပ်ရာထဲ မွန်းချိရဲ့ အော်သံတွေနဲ့ လုံးထွေး
လူ့အဖြစ်တစ်ခုလုံး ပြာနှမ်းသွားအောင်
ဆောင့်ခရတ္တိအဆိပ်သာ မော့ချလိုက်ချင်
ကိုယ့်အဖြစ်သနစ်ကိုယ်  ဝတ္ထုဆန်ထားဖို့ရာ
ဘဝက အဖွဲ့အနွဲ့တွေနဲ့ ပြီးမလား။

ခေတ်က
လူ့အတ္တထဲ မရိုးဖြောင့်မှုတွေ အပင်းသွင်းခဲ့ပြီ
ဆင်တူယိုးမှား များတဲ့ကမ္ဘာ
အဘိဓမ္မာ အစာမကြေတော့
အသိထက် ဘဝင်နှစ်ဆမြင့်သူတွေကြား

**အောင်ရင်ငြိမ်း ၆၇**

ကိုယ့်အရောင်ကို အဝါဖျော့ထားရ
ကိုယ့်အသံပြာကလေး အကိုင်းဆွဲနှိမ့်ထားရ။
ကိုယ်က ခေတ်စားနေတဲ့ ဖက်ရှင်လို
ကိုယ့်နာမည်ကိုယ် အလေးခိုးမကြော်ငြာချင်
ကိုယ့်အဖြစ်မှန် ကိုယ်ပြန်ကြည့်နေရင်အပျင်းပြေမလား
ကိုယ့်တရား ကိုယ်နာနေရင် အနှစ်သာရများ ရှိမလား။

ဘဝဆိုတာ
အဆိပ်လူးမေးခွန်းတွေ စိုက်ဝင်နေတဲ့ သားကောင်ပါ
ကိုယ့်ဒုက္ခကိုယ် လျှာနဲ့လျက်ပြီး
ကိုယ့်ဝိမုတ္တိကိုယ် သဲလွန်စ ရှာနေမိတယ်။

## အိမ်ထောင်ပျက်

၁ ■ သစ်ရွက်လေတိုးသံစဉ်
ပြက်လုံးထင် ရယ်မောတတ်သူ မဟုတ်တော့။
၂ ■ အချစ်ကျမ်းစာလာ စန်းပွင့်ဂါထာ
အာဂုံဆောင် အိပ်မက်တတ်သူ မဟုတ်တော့။
၃ ■ မိန်းမတစ်ယောက်တီးသွားတဲ့ ရင်ခုန်ဗုံသံ
မိတ္တူ မှန်ဘောင်သွင်းထားတတ်သူ မဟုတ်တော့။
၄ ■ မီနီစကတ်ဝတ် ကောင်မလေးများရဲ့
နေ့စဉ်သုံး စကားပုံ
ပုံလာလာပြောတိုင်း ယုံတတ်သူ မဟုတ်တော့။
၅ ■ လွမ်းခန်းပျစ်ပျစ် ရုပ်ရှင်ရုံထဲ မျက်ရည်လွယ်
အလွမ်းသယ် အိမ်ပြန်တတ်သူ မဟုတ်တော့။
၆ ■ အိမ်တစ်လုံးပြိုလဲသွားခဲ့ခြင်း စိတ်ရောဂါ
အနာလုပ် မွေးမြူတတ်သူ မဟုတ်တော့။
၇ ■ ကိုးလလွယ် ဆယ်လဖွား အနုပညာ
ဆိုင်းဘုတ်တကာ ကြော်ငြာတတ်သူ မဟုတ်တော့။

၈ ■ အနံ့ မစို့မပို့ မက်လုံးပေး
တစ်ကောင်ကျွေးနှစ်ကောင်မြင်
အကွက်ဆင် မျှားငင်တတ်သူ မဟုတ်တော့။
၉ ■ လူမွေမျှားရဲ့ အလမ္ပာယ်ပြ လင်းကွင်းသံ
အညှို့ခံ နားယောင်တတ်သူ မဟုတ်တော့။
၁၀ ■ ပင့်ကူကွန်ယက်ဖွဲ့ ဖမ်းစားမှုအဘိဓမ္မာ
မြင်မြင်ရာ ချည်နှောင်တတ်သူ မဟုတ်တော့။
၁၁ ■ အမှန်တရားအရေခြုံ
စကားလုံးများသွေးဆောင်ရာ
တိမ်းညွတ်ပါ ကဗျာဆန်တတ်သူမဟုတ်တော့။
၁၂ ■ အာရုံစားကျက်ထဲ ခိုးဝင်လာတဲ့ ကိလေသာ
စိတ်နှင်ရာ လေလွင့်တတ်သူ မဟုတ်တော့။
၁၃ ■ စိတ်ကူးရေပွက်ရာ
ဆင်ခြင်မှုငါးစာချလိုက်တဲ့ အခါတိုင်း
၁၄ ■ စိတ်အနံ့ခံ အာရုံနိုးကြား
ခံစားမှုကြောင်ကလေး ယဉ်ပါးနေခဲ့ပြီ ။

---

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊ အမှတ်** (66)၊
**ဖေဖော်ဝါရီ၊** ၂၀၀၁

## ကြေးနန်းစာ

သို့
မေမေ
မိတ်ဆွေတချို့က အပြုံးအတုတွေနဲ့
ဘဝကို အဆိုပါးနပ်ခဲ့ကြပြီ
မိတ်ဆွေတချို့က ပိုက်ဆံပုံမျက်နှာပေးတွေနဲ့
အသံ တရွှမ်းရွှမ်း မြည်ခဲ့ကြပြီ
ကျွန်တော့်မှာ အမှားပြင်ဆင်ချက်အပြည့်နဲ့
ကလေးဘဝ ကစားကွင်းထဲ မေ့ကျန်ရစ်ခဲ့တဲ့
ကော်ပီ စာအုပ်တစ်အုပ်ပါ
မေမေ့ဆီက ရိုးသားမှုကလေး အမွေခံခဲ့တာကလွဲလို့
အမေ့ကျေးဇူးပြန်ဆပ်စရာ
ချစ်ခြင်းမေတ္တာရေစီး မဆန်နိုင်သေးဘူး။

မိတ်ဆွေတချို့က ဘုရားပေးတဲ့ အပြစ်ဒုက္ခများကို
ဘလူးစ်သီချင်းလို စုံတွဲရွတ်ဆိုလို့
မိတ်ဆွေတချို့က
အချစ်ကျွန်းကလေးပေါ် အနမ်းမိုးတွေ စိုစွတ်ခဲ့ကြပြီ
ကျွန်တော့်မှာ အပြာရောင်ကြေကွဲခြင်းတစ်ဆင်စာနဲ့
အသံညှိမယ့်လက် မရှိတဲ့ အထီးကျန် ဗုံပျက်တစ်လုံးပါ
အနုပညာစိတ်ကလေး မှော်ဝင်လူးလွန့်နေတာကလွဲလို့
လောကကို မျက်နှာပြစရာ
အသွေးအသားတွေ မဖူးပွင့်နိုင်သေးဘူး။
မိတ်ဆွေတချို့က
သမိုင်းစာရွက်မှာကိုယ်ပိုင်နာမည်တွေ အသံသွင်းထားခဲ့ကြပြီ
မိတ်ဆွေတချို့က
ခံစားမှုမြစ်ထဲ မျောနေတဲ့ စိတ်ကို စိတ်နဲ့ ပြန်မျှားခဲ့ကြပြီ
ကျွန်တော့်မှာ အာရုံရှုမျှော်ခင်း အသစ် အသစ်နဲ့
ကိလေသာ ရေနစ်ခဲ့ရ
ရွှေရောင်စိတ်ငါးလေးတစ်ကောင်ပါ
သေခြင်းရုပ်ရှင်ကို ရိုးအီလာတာက လွဲလို့
ကံဇာတ်ညွှန်းက လွတ်မြောက်ရာ
သရုပ်မှန် အလင်းမပွင့်နိုင်သေးဘူး။

## ၇၂ အောင်ရင်ငြိမ်း

မေမေရေ
ဆိုက်ရောက်ရာ ဆိပ်ကမ်းမှဲ့
လူသဘော်တစ်စီးရဲ့ မျှော်လင့်ချက် ဥသြသံခများ
လောက သောင်တင်တုန်း။
ကျွန်တော့်ဘဝ ခေါင်မိုးပျက်ကလေးပေါ်
အိပ်မက်ရွက်ခြောက်တွေက
စိတ်ကူးစိတ်သန်းလို လွင့်လို့ကောင်းနေတုန်း။

---

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊ အမှတ်** (၇၃)
(**စက်တင်ဘာ၊** ၂၀၀၁)

## ပုထုဇဉ်

တစ်ညလုံး ပျောက်ဆုံးနေတဲ့
ငါ့ကိုယ်ငါ ရှာရတာ မောလှတယ်
အလင်းတစ်ပွင့်တလေမှရှိမနေတဲ့ အိပ်မက်ကို
ချက်ကြိုးဖြတ်ချလိုက်ပြီး
နေ့စွဲအသစ်တစ်ခု ဖွားမြင်ကြောင်း
မနက်ခင်းသတင်းတစ်ပုဒ်မှာ။

ကိုယ့်မျက်နှာကိုယ် ပြန်မမြင်ရတဲ့
ပြဒါးထူထူ ကြည့်မှန်တစ်ချပ်ရဲ့ မသိမှုပါတယ်
နေ့ခင်းကြောင်တောင် ညအနံ့ခံတတ်တဲ့
လင်းနို့တစ်ကောင်ရဲ့ အာသီသပါတယ်
စောရနက္ခတ်နဲ့ ယှဉ်မွေးတဲ့
ကြောင်သူတော်တစ်ကောင်ရဲ့ အကျင့်သီလပါတယ်
ကိုယ်ရည်သွေးတီးလုံးသက်သက် အသံသွင်းထားတဲ့
လူတိပ်ခွေတစ်ခွေရဲ့ အတ္တဆင်ဖိုနီပါတယ်
ခိုးကြောင်ခိုးဝှက် ပွင့်အာရတဲ့
ညမွှေးပန်းများရဲ့ ဘဝဇာတ်လမ်းပါတယ်
မျက်ရည်နဲ့ လက်မှတ်ရေးထိုးခဲ့တဲ့

## ၇၄ အောင်ရင်ငြိမ်း

ချစ်သူနှစ်ဦးရဲ့ ဘဝဇာတ်ညွှန်းပါတယ်
စိတ်နဲ့ခိုးနမ်းရတဲ့
မှတ်ပုံတင်ပြီးသား မိန်းမတစ်ယောက်ရဲ့
မျက်စမျက်နပါတယ်
ကွမ်းယာတစ်ယာလို ဝါးမြုံစုပ်ယူနေရတဲ့
ဘဝရဲ့ခါးသီးမှုပါတယ်
အချိန်လွန်ညစာနဲ့ လဲလှယ်စားသုံးခဲ့တဲ့
ခေတ်ပေါ်ကဗျာတစ်ပုဒ်ရဲ့ ရသစုံကိုးပါးပါတယ်
ဆိုက်ရောက်ရာ အိပ်မက်ဆိပ်ကမ်းမရှိတဲ့
လူသဘော်တစ်စီးရဲ့ မျှော်လင့်ချက်ဥသြသံပါတယ်
အစစ်နဲ့ ရုပ်တူနာမ်တူအတုရဲ့
ကိုယ်ရည်ကိုယ်သွေး ပါတယ်
ဆင်ခြင်မှုသေတ္တာခွံထဲမှာ သွေးပေါင်ကျနေတဲ့
အတွေးအခေါ်ရဲ့ ရင်ခုန်ပုံသံပါတယ်
ပစ္စုပ္ပန်မှာ  အရှင်လတ်လတ်မြှုပ်နှံပစ်ခဲ့ရတဲ့
စိတ်သစ်ရွက် အသေတွေပါတယ်
ညှော့ခံပွဲကျင်းပဖို့ အချိန်နေရာမရှိရှာတဲ့
မွေးနေ့တစ်ခုရဲ့ဈာပန အခမ်းအနားပါတယ်
ဖြစ်တည်မှုယန္တရားထဲ ခြသေ့်လည်ပြန် တိုးဝင်လာတဲ့
သည်းခြေပျက်တစ်လုံးရဲ့ အမှတ်သညာပါတယ်
စကားလုံး ဥခွံအပြင်ကို ဖောက်ထွက်ဟန်ပြင်နေတဲ့
ယောဂီတစ်ဦးရဲ့ အစွဲချက်ကြိုးတစ်မျှင်ပါတယ်။

သတင်းက မဆုံးနိုင်တော့ဘူး
အာရုံစားကျက်ပေါ်
လှန်ထားတဲ့စိတ်ကို  ပြန်ရုပ်လိုက်တော့
ငါ့ကို လိုက်ရှာတဲ့ငါ
ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့လေတယ်။

---

သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊
ဇွန်၊   ၂၀၀၁

## လူ့အဖြစ်ရဲ့ အပေါ်စားပေးခွန်းများ

အိမ်မှာ ဖတ်စရာအတွေးမရှိတော့တဲ့
လူ့ဘဝရဲ့ တစ်ခုသော စနေပြဿဒါးနေ့
အရိုင်းတေလေစိတ်ကလေးလမ်းသလားစရာ
အာရုံတွေ ရိုးအီလာတဲ့အခါ ။

တီဗွီကြော်ငြာ ကြည့်ရမလား
ဟာသဇာတ်လမ်း ကြည့်မလား
ရေဒီယို နားထောင်ရမလား
အပေါစားဝတ္ထု ဖတ်နေရမလား
မနီနီအေးဆီ တယ်လီဖုန်းဆက်ရင် ရင်များ ခုန်ရမလား
ရည်းစားဦးအလွမ်းတွေ မျက်ရည်ဆွတ်ကြည့်ရင်
အစိုပုံလာလေမလား
မီနီစကတ်ဝတ် ပေါင်တံသွယ်သွယ်မှာ
အကုသိုလ်ရှာရမလား
မိန်းမမျက်နှာပေါ်က
ကျောက်ဖြစ်ရုပ်ကြွင်းအလှကို ရှာဖွေရမလား
စိတ်ကို အလှပြင်ဆိုင်ပို့ထားရမလား
စိတ်ကို အဝတ်လျှော်စက်ထဲ ထည့်ထားရမလား

အာလာပသလ္လာပစကားတွေ ပြောနေရမှာလား
အသိနိမ့်ပြီး ဘဝင်မြင့်တဲ့ သတ္တဝါဟာ လူလား
မြွေလို အရေခွံလဲပစ်လိုက်ရမလား
ကလေးဘဝဆီ ပြန်သွားပြီး ငါးမျှားနေရမလား
ကိုယ့်အကြောင်းကိုယ် ရုပ်ရှင်ရိုက်ပြီး
အကယ်ဒမီပေးရမလား
ဆင်တူယိုးမှားတွေကို ခုတ်ထစ်ဖို့
ငါ့စိတ်ကို ဓားလိုသွေးထားရမလား
ငါ့ရုပ်တုကို အနုပညာနဲ့ သွန်းလုပ်မလား
ငါ့ရုပ်တုကို ငွေကြေးနဲ့ သွန်းလုပ်မလား
အနုပညာကို ချစ်မိတာ အမှားလား
အမှန်တရားကို ချစ်မိတာ အမှားလား
အဘိဓမ္မာ အစာကြေအောင် ဘာဆေး မှီဝဲရမလဲ
အာရုံသိ အမှားတွေကို ဘယ်အမှိုက်ပုံမှာ စွန့်ပစ်ရမလဲ
ကိုယ့်အတ္တကိုယ် ပေါင်ချိန်ကြည့်ရင်
ဘယ်လောက် အလေးစီးမလဲ
ကိုယ့် နာမည်ကိုယ် အပေါင်ဆိုင်ပို့ရင်
ငွေစက္ကူ ဘယ်လောက်ရမလဲ
ကိုယ့်အမှားကိုယ်မြင်ဖို့
မျက်မှန်တပ်ရင် ပါဝါမြင့်နေမလား
လူသားရဲ့အရသာကို
ကာမဂုဏ်ဆားခတ်ထားရင်

ခံတွင်းတွေ့လေမလား
ဆင်ခြင်တုံတရားမှာ အာမခံကတ် ရှိသလား
သံသရာက လွတ်အောင်
စိတ်ကို အမြင့်ဘယ်နှမီတာ ခုန်ရမလဲ
အရေပြားပေါ်က ဇရာကို သကော်တ ဖတ်နေရမလား
သေခြင်းတရားဆီ စိတ်ညွတ်ထားရင်
ဘဝင်ကလေး သံဝေဂ ရလေမလား
ကိုယ့်အဖြစ်မှန်ကိုယ်ပြန်ကြည့်နေရင် အပျင်းပြေမလား
ကိုယ့်တရားကိုယ် နာနေရင် အနှစ်သာရများ ရှိမလား။

လူ့အဖြစ်ရဲ့မေးခွန်းတွေကို
ကဗျာတစ်ပုဒ် ရေးမိတာ မှားယွင်းသွားပြီလား
လူ့အဖြစ်ရဲ့ မေးခွန်းတွေကို ကဗျာတစ်ပုဒ်လို
ခံစားမိရင်
သင့်စိတ်ကူးတွေ အမှန်မမြင်နိုင်အောင်
အပေါ်စားဆန် မှားယွင်းသွားမှာလား။

---

သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း
စက်တင်ဘာ၊ ၂၀၀၂

# မာတိကာ

## တီကျူး

ပြာသိုလပြည့်များ ■ ၈၁
တစ်မျက်နှာဝတ္ထု ■ ၈၃
ညကိုမုန်းတဲ့နေ့များ ■ ၈၅
ပြဇာတ် ■ ၈၇
ကုန်စိမ်းဘူတာ ■ ၈၉
ကာလပေါ်သီချင်း ■ ၉၁
ပါရီမြို့ ■ ၉၃
နတ်သမီးအလွမ်း ■ ၉၄
အနုပညာတစ္ဆေ ■ ၉၅
ဝိဒေဟရာဇ်ပုတ်သင် ■ ၉၇

အနုပညာနဲ့  ဘဝကို
ဟန်ချက်ညီညီ
လဲလှယ်နိုင်ဖို့
အားထုတ်ကြိုးစားရခြင်းကို
နှစ်ခြိုက်ခုံမင်သူ ။
အခါးသက်ဆုံးဓားနဲ့
ဘဝကို  ကြိတ်လှီးရင်း
ဘာသာစကားနဲ့
စကားလုံးတွေကို
မပယ်သတ်နိုင်သူ ။

တီကျူး

## ပြာသိုလပြည့်များ

မေမေ့မေတ္တာ လေးအညို့မှာ
(ကွန်တော်) သမုဒယမြားလေး ကံခေပုံ
ပစ်မှတ်ကတခြား ထိဆုံမှတ်တခြား
လမ်းကြောင်းလွဲမှားခဲ့တဲ့ မြားလား။
သစ်ပင်တိုင်း မမြင့်မားနိုင်တော့လည်း
အရပ်က စိတ်တစ်လျှားရှည်တာတောင်
အသံက ပြာခဲ့တုန်းပါပဲ မေမေ။
မေမေ့မိုးတွေ ဝါးလုံးထိုးရွာမှ
ကွန်တော်ပက်ကြားအက်ကလေး စေးကပ်စိုမြတတ်ရုံ
ဆွေပြတ်မျိုးပြတ်နဲ့
မေမေ့မေတ္တာ မငတ်ရင် တော်ပြီဆိုတဲ့ကောင်
ကြက်မကြီးက ရင်အုပ်ထဲဆွဲသွင်းလိုက်တိုင်း
ထီမထင် ရိုင်းပြတတ်တဲ့ ကြက်ကလေး
မေမေ့သားမြတ်အစုံကို ခြေထောက်နဲ့ စုံကန်ခဲ့ဖူးပြီ
အဲသလိုပဲ သူရဲကောင်း ကဗျာဆရာကငိုတယ်မေမေ။

စိတ်ကလေးက ခပ်တိုတို ကိုယ့်ထွက်ပေါက်နဲ့ကိုယ်
လွတ်မြောက်စွာနေလိုတဲ့ကောင်
မေမေ့ချို့မြူမှုတွေကို အဝိဇ္ဇာတွေနဲ့ ခွေးလိုဟောင်ခဲ့သူ
ကရုဏာအသံကို ဒေါသအဟုန်နဲ့ မာန်ဖီနေခဲ့သူ
အမေ့ဖြူစင်မှုတွေကို ကျွန်တော့်အတ္တနဲ့ စွန်းထင်းစေခဲ့သူ
လူဖြစ်လျက်နဲ့ လူလားမမြောက်နိုင်ခဲ့သူ
ဒါနဲ့ပဲ မေမေ့မျက်ရည်တွေ ပူပေးခဲ့ရတယ်
သူ့ရဲကောင်းဆိုတဲ့ကောင်ကလည်း ငိုတယ်
ကဗျာဆရာဆိုတဲ့ကောင်ကလည်း ငိုတယ်
ကျွန်တော်ကလည်း ငိုတယ်
ဟောဒီမှာ ပုလဲပွင့်တွေ ပြာသိုလပြည့်နဲ့ရောပြီး
သရဖူလေးတစ်ခု ထုဆစ်ထားတယ်။
မေမေ့ဆံနွယ်ဖွေးဖွေးမှာ ဆင်မြန်းပေးဖို့ မဝံ့မရဲနိုင်ခဲ့ပြီ။

---

**FACES MAGAZINE, SEPTEMBER 2002.**

## တစ်မျက်နှာဝတ္ထု

ကိုယ့်နာမည် ကိုယ်မေ့တဲ့ညမှာ
နောက်ကျောကို ထိုးတဲ့ဓားက ရင်ညွန့်ကိုစူးတယ်
ရင်ထဲ ရှားမီးခဲတွေ ထတောက်တိုင်း မျက်လို့
ငါ့ကိုလောင်တဲ့ တငွေ့ငွေ့အမှောင်နဲ့
ကမ္ဘာကြီးပါ ကျွမ်းပစ်လိုက်ချင်တယ်။

ကိုယ့်လမ်းကြောင်းမှ ကိုယ်မှန်အောင် မရွေးနိုင်ဘဲနဲ့
ငှက် ဘယ်လုပ်ပဲ့မလဲ
(တီကျူးဆိုတဲ့ကောင်က) မန်ကျည်းသီးနဲ့ ဝမ်းမီးပြီးရတယ် ဆိုပြီး
ချဉ်မယ်ဆိုလည်း ချဉ်ပေါ့

တစ်မျက်နှာနဲ့ဆုံးတိုင်း တစ်မျက်နှာရအောင်
သီအိုရီက ဟောင်းလို့
ငါ့ဝမ်းပူစာတိုင်း ပေါက်ပင်တွေက ကိုင်းရအောင်
ငါက ဗျိုင်းမဟုတ်ဘူး

## ၈၄ တီကျူး

အပွင့်လိုချင်လို့ အပင်ခုတ်တဲ့ အဘိဓမ္မာအစုတ်အပြဲတွေထဲ
ငါတို့ရဲ့ မြင့်မြတ်ကြီးကျယ်ခမ်းနားမှုတွေလည်း
ပုံပြင်တစ်ပုဒ်လို ပြိုလဲခဲ့ပြီ။
တစ်လောကလုံးအတွက်
ဆာရီယယ် ၃၃ မှာ အလှတစ်ပွင့် နစ်မြုပ်သွားတိုင်း
ဝမ်းနည်းခြင်းတွေ သွက်သွက်ခါရင်း တရစပ်တိုက်ခတ်
ငယ်ငယ်က စွဲလမ်းခဲ့ရတဲ့ အရိုင်းစိတ်ကဖီးလေးမှာ
မျက်ရည် ဝဲရှာပေ့ါ
မိတ်ဆွေတို့ရဲ့ ဖြတ်ပိုင်းကိုသာ ဆက်ကြည့်ကြပါ
ကံကြမ္မာသာ အသံထွက်ညှံ့ရင် သင့်ဆုတောင်း ပြည့်ခဲ့ပြီ။
ကံကြမ္မာသာ အသံထွက်ညှံ့ခဲ့ရင် သင့်ဆုတောင်း ပြည့်ခဲ့ပြီ။

---

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊**

**ဇန်နဝါရီ၊** ၂၀၀၇

## ညကိုမုန်းတဲ့နေ့များ

လရောင်ကို မော့သောက်တိုင်း စကားလုံးက နင်တယ်
သူများစိတ်ကို ကိုယ့်အရေပြားမှာချိတ်ဖို့
ဆေးမင်မထိုးရဲခဲ့တောင်
ကဗျာသူငယ်တန်းဖတ်စာနဲ့ မီးပွိုင့်အစိမ်းအနီကို
ရာသီမှားပြီး ဖတ်ရဲခဲ့။

## ၈၆ တီကျူး

မျက်လှည့်ဆရာရောင်းတဲ့ (၉၆) ပါးဆေးလို
မပျောက်ရင် ပြန်လာပါဆိုတဲ့ အာမခံနဲ့တော့
အနာဂတ်ကို ရင်တဖိုဖို ပြည်တစိုစို မနေလိုဘူး။
ငါတို့ခေတ်ကို ရွှင်ပျော်ပျော်မှာ တည်ဆောက်လို့ မဖြစ်ဘူး
မောရှေလီမှာ တည်ဆောက်လို့ မဖြစ်ဘူး။
နတ်သံနှော့ပြီး ယတြာရောချေလို့ မဖြစ်ဘူး။
ကိုယ့်ပြဌာန်းချက်နဲ့ကိုယ်ကတော့
ရာနှုန်းပြည့် အမှတ် (၁၀၀) ရနေပါစေ
(သဘာဝမကျရင်)
အမှားအယွင်းလေးမှ မရှိရင် အမြစ်က ကျွတ်ထွက်ခဲ့တောင်
အောင်မှတ်မပေးချင်ဘူး။
ငါပစ်ခဲ့တဲ့မြားတွေကလည်း ငါ့ရှေ့ကိုသာ ပြန်ပြန်ကျတယ်
မရယ်လိုက်ပါနဲ့ ဥဇ္ဇနာ (၅)လမ်း ကလေးရယ်။
လရောင်သာ ပင်လယ်ဆိုရင်
ငါအရင်ဆုံး ခုန်ဆင်းလိုက်ချင်တယ်။
ဘဝက အလွမ်းတစ်ခုတည်းနဲ့ ခတ်ပြခဲ့တာမှ မဟုတ်ဘဲ။

---

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း**

**စက်တင်ဘာ၊** ၂၀၀၂

## ပြဇာတ်

ကံကြမ္မာကို လှံဖျားပေါ်တင်ပြီး ကစားပြမှ
လက်ခုပ်သံကြားရမယ့် ပြကွက်
ငါ့ကို မချစ်ပါနဲ့ တူးတူးမာရယ်။
စကားပုံတွေကို မယုံကြည်စိတ်နဲ့
အဆိပ်သီးတွေချည်း သီးတဲ့ကမ္ဘာ
အောက်စီဂျင်သာ ဝဝလင်လင် ရှူရရင် တော်ပြီဆိုတဲ့
ဆယ့်ငါးရက်သား သိမ်ငယ်အတွေးပါးပါးနဲ့
ကဗျာကငါ၊ ငါက ကဗျာခဲ့တယ်။
စိတ်အဖိစီးခံထားရတဲ့ အထီးကျန်ညဟာ
ငါ့အိပ်ရာပေါ် လန့်ဖျပ်ရင်း
လိပ်ပြာလွင့်အသည်းကို မွန်းရှခဲ့
ကဗျာဆရာဆိုတာကလည်း
ဘာသားနဲ့ ထုထားတာမို့လဲ မတူးမာရယ်
မြို့ပြကနေပြီး ကျေးလက်ရနံ့သင်းတဲ့
ငါ့သားရဲ့ကိုယ်ငွေ့ အဝါလေးကိုလွမ်းတဲ့အခါ

## ၈၈ တီကျူး

ဂျော်ဒန်နိုမှာ ပွင့်တဲ့ပန်းတွေဟာ မလှပပါဘူးကွယ်
စုဖုရားနဲ့ သီပေါလို ပြခန်းထဲ ညှိုးနွမ်းအေးစက်ရင်း
ငါ့လက်ဖျံမှာ စီးတဲ့သွေးကို ငါတွေ့ခဲ့တယ်။
ပကတိအလှတရားစစ်စစ်ဆီကို စီးဖို့
ကိုယ်တို့ ဒဏ်ခံကြိုးတွေ ကောင်းသေးရဲ့လား။
တော်ဝင်တဲ့သံသယကို ပြာခွေလိုက်ကာမှ
ဘဝက
တိုနှမ်းဇာတ်ဝင်ခန်းကို တစ်ခန်းရပ်မီးမှိန်ဖျော့
လူ့အဖြစ်ရဲ့သောကကို ဇာတ်စင်ပေါ်မှာ ငြီးငွေ့ပြရုံ ။

---

၂၃-၁-၂၀၀၂

## ကုန်စိမ်းဘူတာ

အသံမမြင်ရဘဲ လီဗာလှွတ်ပုတ်နေတဲ့ဘူတာ
တက်သုတ်ရိုက်ပြီး ထမ်းကြပိုးကြ အော်ကြဟစ်ကြ
ဝေဝေဆာအောင်ပွင့်နေတဲ့ဒေသ သီးနှံကုန်စည်ဗရပွ
ခြင်းတောင်းနဲ့တစ်မျိုး ကျန်ကျောင်းအိတ်နဲ့တစ်မျိုး
ခရီးသည်ကို စိတ်ဆိုးတာလည်း ဒီဘူတာပါပဲ။
ပါဆယ် (ရထား) အသံကြားမှ
ကိုယ်စိတ်နှလုံး ရွှင်ကြည်နိုင်သူများ
ငွေကိုရဖို့ ငွေကိုရင်းသူ
ရုံးလုလင်၊ ခရီးသည်၊ ကုန်သည်ပွဲစား၊ သီးနှံရောင်းသူ၊
နေ့ပြန်သမား၊ အရက်သမား၊ အရူး၊ ရန့်အရောင် ထူထူပျစ်ပျစ်
တိုးတိုး ဝှေ့ဝှေ့ ကြိတ်ကြိတ်
တစ်ယောက်နဲ့တစ်ယောက် နင်းတက်၊
နေရာတစ်ခုအတွက် မနက်ခင်းတွေ ပျက်ခဲ့ပြီ။
ဒါကိုပဲ ဝမ်းစာဆိုပြီး လက်ပိုက်ကြည့်နေတဲ့ ဘူတာ

မြို့ကြီးပြကြီးကို ရွှေဖရုံနဲ့ မြှူဆွယ်၊ ပန်းဂေါ်ဖီနဲ့မြှူဆွယ်
နံနံပင်နဲ့ မြှူဆွယ်၊ ပြောင်းဖူး၊ သခွားသီး၊ ဘူးသီး
မြေကြီးထဲက ထွက်သမျှ အသီးအရွက်အရောင်စုံနဲ့မြှူဆွယ်
တစ်ပဲခြောက်ပြားတွေ ရွှေဖြစ်ပြီး
လောဘတွေထောင်း ထောင်းထအောင် သီးနေလည်း
ဘူတာလေးက ရိုးသားတုန်းပဲလေ။

အဲဒီဘူတာလေးဟာ ရထားတွေ ဆုံပြီးတဲ့အခါ
ဖုတ်ဖက်ခါရင်း
သိက္ခာတစ်တိုကို အားပါးတရဖွာလို့
သူ့အရှေ့ဆီကို ငေးရီနေတော့တယ်
နေ့စဉ်။ ။

---

**စတိုင်သစ်မဂ္ဂဇင်း၊**
**ဩဂုတ်လ၊** ၂၀၀၂

## ကာလပေါ်သီချင်း

အဝိဇ္ဇာနဲ့ ကျွမ်းတဲ့ ဆားကစ်တွေရဲ့
မျက်နှာပြင်ပတ်လမ်းကို ဖတ်ရတာ
အထီးကျန် အိပ်တန်းပြန်ငှက်တစ်ကောင်ရဲ့ ရှုမျှော်ခင်းလို
ကဗျာမဆန်နိုင်ခဲ့ဘူး။

ပညတ်တွေ ဖိတ်လျှံကျနေတဲ့စိတ်နဲ့ တစ်ကိုယ်ရေစကားများမှာ
အကြောင်းအကျိုးခမ္မ၊ ဖြစ်တည်ပျက်ခမ္မနဲ့ ရုပ်ခမ္မ၊ နာမ်ခမ္မ
မကွဲပြားနိုင်ခဲ့ဘူး။

ကိုယ့်အရှိန်ကိုယ်မသိတဲ့ရနံ့ထဲ စိတ်ပျက်ခြင်းများ နီရဲတဲ့အခါ
အတွေးက မဟာစကြဝဠာအဖြစ်က တွင်းနေဂူအောင်း
ကျောက်ခေတ်ဟောင်းလို ရေကြည်ရာမြက်နုရာခဲ့တယ်။

တုတ်နဲ့ပါးစပ်မမြဲတဲ့လိပ်တွေကို
တိမ်များအကြောင်း မြင်ကွင်းကျယ်
ရှုခင်းသစ်များအကြောင်း

## ၉၂ တီကျူး

ပြောရတာ ခံတွင်းချဉ်တိုင်း
ခံစားစိတ်ထက် အသိစိတ်ကလွန်တိုင်း
ဝါသနာက ရန်ဓာတ်အပြုခံရတယ်။

မြေကြီး ငွေစက္ကူ လူနဲ့သတ်မှတ်ချက်ဟာ
စနေထောင့်မှာ အပြာအမှောင်နဲ့ ညို့ညိုတော့
မိုးက တပ်မက်မှုအငြိုးနဲ့ သည်းသည်းမည်းမည်း
လက္ခဏာရေးသုံးပါး တံခါးခေါက်သံမကြားရ
ငါမသိတာတွေ များလှပြီ။

နောက်ပြန်ရစ်တဲ့သက္ကရာဇ် ခြောက်ဆယ့်ခြောက်နှစ်မှာ
ငါက 'ဦးသျှောင်' ဖြစ်ခဲ့ချင်သူပါ။
အစွဲအလမ်းများနဲ့ လောင်ကျွမ်းခံရတဲ့ညဟာ
သားရဲထောင်ချောက်ထဲ ဝင်မိတဲ့သောကလောက်တောင်မှ
မလှပခဲ့ဘူး
အရွေ့နဲ့အရှိန်ဟာ 'ငုံ့စည်း' ဖြစ်တိုင်း
ငါ့စွမ်းအင်များ လျော့ပါး ဆီမီးမှိန်ဖျော့ လှုပ်ခတ်ခဲ့ပြီ။
ဘဝက နားခိုပျံ့သန်းရာ
အနားသတ်မရှိတဲ့ အလေအလွင့် ။ ။

---

**4-5-2002**

## ပါရီမြို့

အခမ်းနားဆုံးဝင့်ထည်မှုများ ဝိဉာဉ်နှုတ်ခံလိုက်ရချိန်
နိစ္စဓူဝ ဦးနှောက်က အထွတ်အမြတ်တွေအားလုံးမေ့တယ်
ပါရီရယ် မင်းအလှတရားတွေကို ကမ္ဘာကလည်း မေ့တယ်၊
စိတ်ကို ခေါင်းငိုက်စိုက်နဲ့ တစ်ဝက်ပဲ လှွင့်ထုတ်လိုက်ချိန်
တစ်မြို့လုံး တိတ်ဆိတ်ခြောက်သယောင်း ကြေကွဲ
သွေးဆာဝံပုလွေများရဲ့ အာသာတငမ်းငမ်းဆန္ဒများထဲ
အရိုင်း အရိုးခံပွင့်ဖတ်တွေ ကြွေခဲ့ပြီ။

ငယ်စဉ်က တန့်ဖိုးမြင့်အလှတရားများ
ပြိုပျက်လွင့်ပြယ်တဲ့အခါ
ငါ့တစ်ကိုယ်လုံး ရွှဲနစ်သွားအောင်
ရင်ထဲက အမှန်တရားကို ထုတ်ချင်းခတ်အော်ထုတ်လိုက်ချင်ရဲ့။

---

၁ - ၈ - ၂၀၀၂

## နှုတ်သပိုးအလွမ်း

စပယ်တွေ ပွင့်လိုက်စမ်းပါကွယ်
ချိုအီမွှေးမြမွန်းလို့
ဖွပြီး ခိုးရှိုက်လိုက်တဲ့ အနမ်းက ဓားရိုးကမ်း
အချစ်က စုံလုံးကန်း
ဝေးပေါ့ ။
လက်တစ်ဆုံးစာ အလွမ်းတွေ ထိုးသိပ်ထည့်ပြီး
ထွက်ခွာရမယ့်အချိန်
ထိီးမိုးပေးမယ့်သူ မရှိဘူး
ရွေးချယ်မှုက ပူမှပဲ ပွင့်ခွင့်ရတဲ့ ကန္တာရပန်း
စိတ်ကအေးမြတဲ့ မြောက်ပိုင်း အစိမ်းရောင်လွင်ပြင်
ဝေးပေါ့ ။
ငါ့နှလုံးသားကို လည်တိုင်မှာ စည်းထားပါ
လက်သူကြွယ်မှာ စွပ်ထားပါ
ဘဝက အမှားပြင်ဆင်ချက်ပေးမထားဘူး
ဝေးပေါ့ ။
**ငါက နောင်တအလီကို အခါခါ ကျက်နေမိခဲ့သူ။**

---

**Myammar People Magazing, November-2002**

## အနုပညာတစ္ဆေ

ကဗျာဆရာဖြစ်ခွင့်မရရင်
ဒီနေ့
သေချင်တယ်။
အဲဒီနေ့ကစပြီး ဖြစ်ချင်ရာကို ဖြစ်ခွင့်မရခဲ့ပေဘူး။
ရင်နာနာနဲ့ပဲ အနက်ရောင်စစ်စစ်
နှင်းဆီနက်တွေကို ပင်လယ်ထဲ မျှောချပစ်ခဲ့တယ်။
ပင်လယ်ကောင်ရေ ရှုလိုက်စမ်း
ရနံ့လည်းမပြယ် အဆင်းလည်းမယွင်းသေးတဲ့
ငါ့နှလုံးသား စစ်စစ်တွေဟေ့။

တစ်ယောက်က အောင်ပွဲခံ အဆီစုပ်ယစ်ချိန်မှာ
တစ်ယောက်ရဲ့ စိတ်နှလုံးတွေက ဗုန်းဗုန်းလဲကျခဲ့ရပြီ
ပြိုင်ပွဲ ခွာသံတဖွေးဖွေးနဲ့ မျက်ဝန်းချင်းလည်း ဝေးခဲ့ရပြီ
ရှာဖွေသမျှ ဘာမှမရဘဲ ပြန်ခဲ့ရပြီ။
အနုပညာသစ္စာ အနုပညာသိက္ခာ အနုပညာပစ္စည်း
အနုပညာ ကဗျာဆရာ အချစ် ဘဝ ပရမတ္တ
တစ္ဆေတွေလိုသာ ချောက်လှန့်ခံခဲ့ရတယ်။
**ဒီနေ့ပြန်ရပြီ။**

---

၂၁-၉-၂၀၀၁

## ဝိဒေဟရာင် ပုတ်သင်

ငါ့ အမှားအတွက်
ငါ့လက်သန်း တစ်ဆစ်ဆိုရင်
ငါ့ အမှန်တရားအတွက်လည်း
သင့်လက်သန်းတစ်ဆစ်တော့ လိုလိမ့်မယ်။

သားတကွဲမယားတကွဲအလွမ်းတွေက
ငယ်ငယ်က စာသိုက်ဖျက်မိတဲ့ နောင်တလိုမျိုး
ဝေဒနာက ရင်ကိုဖောက်စူးတိုင်း
ငါ့ဖြစ်တည်မှုကို ရှုံ့ရှာမှုအပြည့်နဲ့ ပဓာနခဲ့ရတယ်
တစ်လောကလုံးရဲ့ အကြောက်တရားကိုမှ
ငါက လျှောင်ရယ်ချင်သူပေပဲ။

သားရေပြားတင်းနေတဲ့ 'ဒရမ်' လို
မျက်နှာတွေလည်း တင်းသထက်တင်းခဲ့
ငါ့ကို တီးတဲ့အခါ အသံမာမာတွေသာ ထွက်ခဲ့
နှုတ်ပိတ်ဖို့ ရေငုံထားခဲ့
မပြုပြင်ဘဲနေခဲ့ စိတ်ခန္ဓာလည်း အကျင့်ပါခဲ့

ရင်ခုန်သံချင်းညီမှ နှုတ်ခမ်းချင်းရိုက်ချင်ခဲ့
တံငါလုပ်မယ့်ကောင် ငါးဖမ်းနည်းသင်ခဲ့
ပုတ်သင်လို ရာသီပြောင်းပြီး ခေါင်းညိတ်ခဲ့
လူ့အဖြစ်ကို ငြီးငွေ့ကျွမ်းလောင်ခဲ့တာလည်း ကြာခဲ့။

၂၈-၁၀-၂၀၀၂

တစ်ယောက်က အောင်ပွဲခံ အဆီစုပ်ယစ်ချိန်မှာ
တစ်ယောက်ရဲ့ စိတ်နှလုံးတွေက ဗုန်းဗုန်းလဲကျခဲ့ရပြီ
ပြိုင်ပွဲ ခွာသံတဖွေးဖွေးနဲ့ မျက်ဝန်းချင်းလည်း ဝေးခဲ့ရပြီ
ရှာဖွေသမျှ ဘာမှမရဘဲ ပြန်ခဲ့ရပြီ။
အနုပညာသစ္စာ အနုပညာသိက္ခာ အနုပညာပစ္စည်း
အနုပညာ ကဗျာဆရာ အချစ် ဘဝ ပရမတ္တ
တစ္ဆေတွေလိုသာ ချောက်လှန့်ခံခဲ့ရတယ်။
**ဒီနေ့ပြန်ရပြီ။**

---

၂၁-၉-၂၀၀၁

## ဝိဒေဟရာင် ပုတ်သင်

ငါ့ အမှားအတွက်
ငါ့လက်သန်း တစ်ဆစ်ဆိုရင်
ငါ့ အမှန်တရားအတွက်လည်း
သင့်လက်သန်းတစ်ဆစ်တော့ လိုလိမ့်မယ်။

သားတကွဲမယားတကွဲအလွမ်းတွေက
ငယ်ငယ်က စာသိုက်ဖျက်မိတဲ့ နောင်တလိုမျိုး
ဝေဒနာက ရင်ကိုဖောက်စူးတိုင်း
ငါ့ဖြစ်တည်မှုကို ရွံ့ရှာမှုအပြည့်နဲ့ ပဓာနခဲ့ရတယ်
တစ်လောကလုံးရဲ့ အကြောက်တရားကိုမှ
ငါက လျှောင်ရယ်ချင်သူပေပဲ။

သားရေပြားတင်းနေတဲ့ 'ဒရမ်' လို
မျက်နှာတွေလည်း တင်းသထက်တင်းခဲ့
ငါ့ကို တီးတဲ့အခါ အသံမာမာတွေသာ ထွက်ခဲ့
နှုတ်ပိတ်ဖို့ ရေငုံထားခဲ့
မပြုပြင်ဘဲနေခဲ့ စိတ်ခန္ဓာလည်း အကျင့်ပါခဲ့

ရင်ခုန်သံချင်းညီမှ နှုတ်ခမ်းချင်းရိုက်ချင်ခဲ့
တံငါလုပ်မယ့်ကောင် ငါးဖမ်းနည်းသင်ခဲ့
ပုတ်သင်လို ရာသီပြောင်းပြီး ခေါင်းညိတ်ခဲ့
လူ့အဖြစ်ကို ငြီးငွေ့ကျွမ်းလောင်ခဲ့တာလည်း ကြာခဲ့။

---

၂၇-၁၀-၂၀၀၂



တိုးအောင်မိုး
ငါ့သင်းကွဲညနေ... ရှင်ကွဲ
နတ်သမီးအလွမ်းနှင့်
ခြေသလုံးအိမ်တိုင်